ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (21-10-2007) (၅၄၇၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သုဝဏ္ဏသာမ ဇာတ်တော်ကြီး ယှဉ်ပြိုင်ကပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၀

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲ၏ သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ရေဝတီတိုင်းကိုယ်စားပြု ဇာတ်သဘင်အဖွဲ့၏ ယှဉ်ပြိုင်ကပြ ဖျော်ဖြေတင်ဆက်မှုကို (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးသည်။ (အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

မြန်မာ့နိုင်ငံရေးသမိုင်းမှာ အရေးပါတဲ့ အပြောင်းအလဲဖြစ်ပေါ်ဖို့ အခွင့်အရေးတစ်ရပ်အဖြစ် ရှုမြင်သင့်

ဒီနေ့အစိုးရရဲ့ ကမ်းလှမ်းချက်ဟာ အပြုသဘောဆောင်ပြီး လိုလိုချင်ချင်ကို ဖွင့်ပေးခဲ့တာလို့ ကျွန်တော်တို့ယုံကြည်သလို အန်တီစုလည်း ယုံကြည်သင့်ပါပြီ။ ဒီကမ်းလှမ်းချက်အပေါ် မြန်မာ့နိုင်ငံရေးသမိုင်းမှာ အရေးပါတဲ့ အပြောင်းအလဲဖြစ်ပေါ်ဖို့ အခွင့်အရေးတစ်ရပ်အဖြစ် ရှုမြင်သင့်ပါပြီ။ ကမ်းလှမ်းချက်ရဲ့ အနှစ်သာရပိုင်းဖြစ်တဲ့ တွေ့ဆုံရေးအခွင့်အလမ်းဟာ ဒီပိတ်ဆို့ရေး (၄)ချက် ကျွန်မလုပ်တာမဟုတ်ပါဘူးဆိုတဲ့ အပေါ်ယံပိုင်းကိစ္စ ငြင်းခုံပယ်ချမှုတွေကြောင့် လမ်းစပျောက်သွားမှာကို စိုးရိမ်မိပါတယ်။ မြန်မာပြည်ကို ခရီးသွားတွေ မလာအောင်ကအစ စီးပွားရေးပိတ်ဆို့တာတွေအထိ အန်တီစု ထောက်ခံအားပေးခဲ့တယ်ဆိုတာ တည်ဆဲအစိုးရကရော၊ ပြည်သူကရော၊ တစ်ကမ္ဘာလုံးကပါ သိခဲ့ကြပြီးပါပြီ။ ဒီလိုစီးပွားရေးပိတ်ဆို့မှုဟာ ကျွန်တော်တို့ ပြည်သူတွေအတွက်ရော၊ အစိုးရအတွက်နဲ့ အန်တီစုအတွက်ပါ မကောင်းဘူးဆိုတာကို လက်ခံသင့်ပြီလို့ ကျွန်တော်မြင်ပါတယ်။ မကောင်းမှုန်း၊ မှားမှုန်းသိရင် ကိုယ်တစ်သက်လုံး စွဲကိုင်ခဲ့တဲ့မူဝါဒဖြစ်ပါစေ စွန့်သင့်ရင် စွန့်ရမှာပါပဲ။ စွန့်ရဲတဲ့သတ္တိရှိဖို့လည်း လိုအပ်မှာပါ။

ချမ်းမြအေး၏ "မျှော်လင့်လျက်ပါ အန်တီစု (သို့မဟုတ်) သားရွှေအိုးထမ်းသည်ကိုသာ မြင်လိုပါသည်(၂)" (ဆောင်းပါး) စာမျက်နှာ–၈၊၉၊၁၀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(21-10)01.P65 1 1/1/32, 4:24 AM

ကြေးမုံ
The Mirror
၂၁-၁၀-၂၀၀၇
(တနင်္ဂနွေနေ့)

စိုက်ပျိုးမွေးမြူရေးအထူးဇုန်များ တည်ထောင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တိုးမြှင့်တင်ပို့

မြန်မာနိုင်ငံသည် ရေ၊ မြေ ရာသီဥတု ကောင်းမွန်သဖြင့် စိုက်ပျိုးရေးဖြစ်ထွန်းသော မြေများတွင် စပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ကြံနှင့် ဟင်းသီးဟင်းရွက်များကို အချိန်ရာသီနှင့်အညီ သီးထပ်သီးညှပ် စိုက်ပျိုးလျက်ရှိသည်။

အချို့ဒေသများတွင် တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက စိုက်ပျိုးမွေးမြူရေး အထူးဇုန်များ တည်ထောင်လုပ်ကိုင်နေကြသည်။ ရန်ကုန်မြောက်ပိုင်း ခရိုင် ညောင်နှစ်ပင်ကျေးရွာအနီးတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်ကို တည်ထောင် လုပ်ကိုင်လျက်ရှိရာ သီးနှံစိုက်ခင်းများ၊ ငါးမွေးမြူရေးကန်များ အောင်မြင် လျက်ရှိသည်။

လှည်းကူးမြို့နယ်ရှိ စိုက်ပျိုးရေးနယ်မြေတွင် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းနှင့် တိုင်းရင်းသားကုမ္ပဏီအချို့က နိုင်ငံတကာ အဆင့်မီ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးလျက်ရှိသည်။ အထူး သဖြင့် နိုင်ငံတကာဈေးကွက်၌ ဝယ်လိုအားများသည့် သခွားမွှေး၊ ဟိုတယ်သုံးသခွားသီး၊ အစိမ်းစားခရမ်းချဉ်၊ ကြက်သွေးရောင် မုန်လာ ဥမျိုး၊ ဆလတ်ရွက်၊ ရွှေဖရုံအသေး၊ ငရုတ်ပွအချို့နှင့် ဟင်းစားပန်းဝါ အပါအဝင် သစ်သီးဝလံများကို ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုး ထုတ်လုပ်နေကြသည်။

ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်အကြား ဘိုင်းဒါး ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေး အထူးဇုန်တွင်လည်း ဂေါ်ဖီ၊ ပန်းဂေါ်ဖီ၊ ခရမ်းချဉ်၊ ခရမ်း၊ ဖရုံ၊ ဖရဲ၊ ငရုတ်၊ ကြက်သွန်နီ၊ ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ မိုးစပါး၊ နွေစပါးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးလျက် ရှိသည်။ အဆိုပါ စိုက်ပျိုးရေးအထူးဇုန်မှ ဟင်းသီးဟင်းရွက်များကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ဘားအံနှင့် မူဆယ်မြို့များသို့ တင်ပို့လျက် ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သော သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်များသည် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု နည်းပါးသည့် အတွက် ပြည်ပဈေးကွက်တွင် မျက်နှာပန်းလှလျက် ရှိသည်။

တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ တောင်သူ လယ်သမားများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအထူးဇုန်များ တိုးချဲ့တည်ထောင်ခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးမွေးမြူ လုပ်ကိုင် လာခြင်းတို့ဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံရုံမျှမက ပြည်ပသို့ပင် တိုးမြှင့် တင်ပို့ရောင်းချသွားနိုင်မည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာကုန်းမြေ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) တွင် အလှူရှင်ဦးအောင်မြတ်သူ-ဒေါ်ခင်မာလွင်မိသားစုတို့က ငွေကျပ်၁၈၀၀၀၀ တန်ဖိုးရှိ ပတ္တမြားဆွဲသီးတစ်ခု၊ ပတ္တမြားနားကပ်တစ်ရံ၊ ကျောက်စိမ်း ဆွဲသီး တစ်ခုတို့ကိုလှူဒါန်းရာ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင်ဦးစောကြိုင်နှင့် ဦးမြသိန်း၊ဦးစိန်ဦး၊ဦးစိုးသိမ်းတို့လက်ခံပြီး ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က-ပ)

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူ့သဘောထား



တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဦးအောင်သောင်း မန္တလေးမြို့၌ ဆွမ်းဆန်တော်၊ ဆီဆက်ကပ်လှူဒါန်းပွဲ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မန္တလေးစက်မှုဇုန်လုပ်ငန်းရှင်များက စုပေါင်းလှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာဒီပဲရင်းကျောင်းတိုက်ရှိ ကမ္ဘာ့ဇထွဋ်မြတ် ရတနာကျောင်း၌ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မန္တလေးစက်မှုဇုန်တာဝန်ခံများနှင့် စက်မှုလုပ်ငန်းရှင်များ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင်များ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ စက်ရုံမှူးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီး၊ မန္တလေး မြို့တော်ဝန်နှင့် ပရိသတ်တို့က ကမ္ဘာ့ဇ ထွဋ်မြတ် ရတနာကျောင်း ဦးစီးပဓာန နာယက တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ မောဓာဝီထံမှ ငါးပါးသီလခံယူဆောက် တည်ကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် မန္တလေးမြို့တော်ဝန်တို့က တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ မောဓာဝီအားလည်း ကောင်း၊ အလှူရှင်အသီးသီးက ဆရာ တော် သံဃာတော်များအား လည်း ကောင်း သင်္ကန်းအစရှိသော လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထိုသို့လှူဒါန်းရာတွင် ဆွမ်းဆန်တော် အိတ် ၈၀ နှင့် ကျောင်းတိုက်တွင်းရှိ သံဃာတော်၁၅၄ပါးတို့အတွက် စာအုပ်၊ ခဲတံ၊ ဆပ်ပြာ၊ သွားတိုက်ဆေးတို့ပါရှိ သည်။

ထို့နောက် တိုင်းမှူး၊ဝန်ကြီး၊ မန္တလေး မြို့တော်ဝန်နှင့် အလှူရှင်များသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာသန္တာရုံကျောင်းတိုက်ရှိ အောင်မြေ ဘုံကျောင်း ဓမ္မဗိမာန်တော်၌ ကျင်းပ သော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစု၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် အလှူရှင်များက ဆွမ်းဆန် တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက် ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီး၊ မန္တလေး မြို့တော်ဝန်နှင့် အလှူရှင်များသည် မဟာသန္တာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဝိဒထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် မန္တလေးမြို့တော်ဝန်တို့က ဘဒ္ဒန္တ ကောဝိဒအားလည်းကောင်း ၊ အလှူရှင် အသီးသီးတို့က ဆရာတော် သံဃာ တော်များအားလည်းကောင်း သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ၍ မဟာသန္တာရုံ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကောဝိဒက အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

လှူဒါန်း

အဆိုပါ မဟာသန္တာရုံကျောင်းတိုက် သို့ ဆွမ်းဆန်တော်အိတ် ၁၀၀၊ ဆီ တစ်ပီပါ၊ စာရေးစက္ကူထုပ် ၂၀နှင့် ကျောင်းတိုက်ရှိ သံဃာတော်အပါး ၂၂၀တို့အား မွေးဆပ်ပြာ၊ ရွှေဝါဆပ်ပြာ နှင့် သွားတိုက်ဆေးဘူးတို့ကို လှူဒါန်း သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်း ရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့် နှင့် အလုပ်အမှုဆောင်များနှင့် မန္တလေးမြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီး ဌာနမှ စက်ရုံမှူးများသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မြတောင် ကျောင်းတိုက်သို့ သွားရောက်၍ ဗဟို အတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း သည် မြတောင်ကျောင်းတိုက် နှစ် (၁၀၀)ပြည့်ဗိမာန်တော်ကြီး၌ မန္တလေး တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေဝါ ဝင်းကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသ နှင့် ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများနှင့် ဆရာတော် သံဃာတော်များအတွက် စာရေးစက္ကူထုပ် ၂၀ကို ဆက်ကပ် လှူဒါန်းသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် မန္တလေး မြို့ မဟာအောင်မြေမြို့နယ် မဟာ ဝိသုဒ္ဓါရုံ တိုက်သစ်ရှိ ဝါဆိုကျောင်း တိုက်သို့ သွားရောက်၍ နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌ ဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေဝါဝင်း ကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(စက်မှု-၁)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် မရမ်းကုန်း မြို့နယ်(၃)ရပ်ကွက် အောင်မြေလမ်းနေ ကွယ်လွန်သူ ဦးထွန်းမောင်အားရည်စူး၍ ရွှေစိန်မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်း လက်ခံရယူစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန် နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် တန်ချိန်စွန် (ခ) ဦးခင်မောင်အား ရည်စူး၍ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလ လမ်းနေ ဇနီး ဒေါ်သန်းရွှေနှင့် သား၊ သမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်း ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူ လမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)(သဒ္ဓမ္မဇောတိကဓဇ)ရှေ့မှောက်၌ တာဝန်ခံ ဒေါ်ခင်ကြည်(ရွှေပြည်တန်၊ သင်္ကန်းတိုက်)ထံသို့ ပေးအပ်လှူဒါန်း စဉ်။ (ကြေးမုံ)

✻ ရှေ့ဖုံးမှ

အဆိုပါ သုဝဏ္ဏသာမ ဇာတ်တော်ကြီးကပြယှဉ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဒုတိယဝန်ကြီးများ ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲဝင်များနှင့် ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲတွင် ဇာတ်ညွှန်းရေးသား စီစဉ်ကြီးကြပ်သူအဖြစ် ဦးကိုကိုကြီး(ဟသ်ာတ)၊ စင်တင်ဒါရိုက်တာအဖြစ် ဦးသန်းဝင်း(ဟသ်ာတ)၊ သုဝဏ္ဏသာမအဖြစ် ဦးဆန်းကို၊ ဒုကူလအဖြစ် ဦးမြဝင်း၊ ပါရိကာအဖြစ် ဒေါ်မော်မော်ခိုင်၊ ပီဠိယက္ခအဖြစ် ဦးကောင်းထက်၊ ဗဟုသုန္ဒရီအဖြစ် ဒေါ်ခင်ထွေးကြည်၊ သိကြားအဖြစ် ဦးထွန်းကို၊ ဝန်၊ လုလင်တော်အဖြစ် ဦးပေါက်ကျော်၊ ဝန်များအဖြစ် ဦးရင်ထွန်းနှင့် ဦးသန်းဝင်း၊ ဝန်၊ လုလင်တော်အဖြစ် ဦးရွှေဝါ၊ လုလင်တော်များအဖြစ် ဦးစုဘူနှင့်ဦးမိုးတိမ်၊ သမင်များအဖြစ် ဦးမင်းကို၊ ဦးသဲချစ်နိုင်၊ ဦးကျော်ကျော်စိုးနှင့် ဦးမြသိန်းအောင်၊ မင်းသမီးများအဖြစ် ဒေါ်စိုးစိုးဦး၊ ဒေါ်ယုမွန်ဦး၊ ဒေါ်ဇင်မီမီအောင်နှင့် ဒေါ်ခင်ချစ်ချစ်ချောတို့က ပါဝင်ကပြယှဉ်ပြိုင်ကြပြီး ဆိုင်းအဖွဲ့သားများဖြစ်ကြသည့် ပိုင်းတီး ဦးသန်းကျော်ဇော၊ ကြေးတီး ဦးဘိုဘိုလှိုင်၊ မောင်းတီး ဦးကျော်ဝင်းစိုး၊ နှဲ ဦးပြည်စိုး၊ ပတ်မတီး ဦးကုလား၊ လင်းကွင်း ဦးအုန်းလွင်နှင့် စည်းဝါးဦးမိုးခိုင်တို့က ကူညီပံ့ပိုးတီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဇာတ်တော်ကြီးတွင် ဘုရားရှိခိုး ရိုကျိုးဂါရဝ ပထမဦးတင်၊ အပျိုတော်အကပဏာမပြကွက်၊ အရှေ့အနောက်နေ သာဒဂါမ ဖခင်နှစ်ဦး ကြည်နူးမနေးသားရေးသမီးရေးကိစ္စ ပြောဆိုကြခြင်းပြကွက်၊ ရှင်မြူးလုပ နှစ်ပါးခွင် အကပြကွက်၊ ဒုကူလနှင့်ပါရိကာနှစ်ဖြာခရီး တောရပ်ခိုမှီးပြကွက်၊ သူတော်စင်နှစ်ပါးအတွက် သိကြားကျောင်းဆောက်ရာ ကောင်းလိုက်ပါပေကရို့ပြကွက်၊ ဒုကူလနှင့် ပါရိကာ ဝဋ်ကြွေမှာမကင်း၊ သည်အခင်းကြောင့် သိကြားမင်းရောက်လာ သားရတနာပေး ပြကွက်၊ သုဝဏ္ဏသာမ သားရတနာမွေးဖွားကာကြီးပြင်း၊ ကိန္နရီ၊ ကိန္နရာတို့ သီချင်းဆိုကာ ချော့သိပ်ခြင်းပြကွက်၊ ဒုကူလနှင့်ပါရိကာ သစ်သီးရှာထွက် မိုးလေသက်၍ တောင်ပို့ထက်အတက်၊ မြွေအမျက်ထွက်၍ အခိုးမှုတ်၊ အဆိပ်လွှမ်းပြီး မျက်စိစုံကန်းရာ သားသုဝဏ္ဏလိုက်လံကယ်ယူခြင်း ပြကွက်၊ ပီဠိယက္ခဘုရင်နန်းညီလာ မယ်တော်ရောက်လာ၍ သမင်လိုက်မထွက် ရန်တား၊ ပီဠိယက္ခ မယ်တော်စကားနားမဝင် သမင်လိုက်ရန်ဟန်ပြင်ပြကွက်၊ ပီဠိယက္ခမင်း တောတွင်းရောက်၊ သမင်ခြေရာကောက်ချုံဆောက်၍ မြားပြင်၊ လေးတင်ရင်းဆိုင်းပြကွက်၊ သုဝဏ္ဏသာမ သားလူလုမိဘလုပ်ကျွေး၊ သမင်လေးများနှင့် ရေခပ်ဆင်းပြကွက်၊ သုဝဏ္ဏသာမ သမင်အပေါင်းခြံရံ၍ ရေခပ်ဆင်း၊ ချုံတွင်းက ပီဠိယက္ခ အချက်ကျကျ မြားနှင့်ခွင်းခြင်းပြကွက်၊ ပီဠိယက္ခ ဒုကူလနှင့်ပါရိကာတို့ထံ အမြန်ပြေး၊ လုပ်ကျွေးပြု၍ သားသုဝဏ္ဏထံ လက်တန်း ခေါ်ဆောင်ခန်းပြကွက်၊ ဒုကူလနှင့် ပါရိကာ၊ ဗဟုသုန္ဒရီနတ်သမီး အနီ မိဘသုံးပါး သား သုဝဏ္ဏသာမအတွက် သစ္စာပြုကောင်းမှုအလုံးစုံတို့ ပြည့်ဝ၍ ဇာတ်ပေါင်းခန်းပြကွက် စုစုပေါင်း ပြကွက် ၁၄ ကွက်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး သီတင်းကျွတ် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်း မုံရွာမြို့၏ ကျက်သရေဆောင် ဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ သီတင်းကျွတ် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ၁၃၆၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်မှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သီတင်းကျွတ်ပွဲတော်ကြီး၏ ထူးခြားသည့် အနှစ်သာရမှာ သီတင်းကျွတ်လပြည့်ကျော် ၈ရက်တွင် မုံရွာမြို့တစ်မြို့လုံးရှိ ရပ်ကွက်အသီးသီးမှ လှူဒါန်းသည့် ဆွမ်းသပိတ်များအား မုံရွာမြို့တွင် သီတင်းသုံးလျက်ရှိသော ရဟန်းသံဃာကုန် ပင့်ဖိတ်လျက် သပိတ်လောင်းလှူပွဲကြီးဖြစ်သည်။ ပွဲတော်ကြီး၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချကြမည့် ဈေးဆိုင်ခန်းများအတွက်လည်း သီတင်းကျွတ်လဆန်း ၈ ရက်မှ စတင်၍ ဘုရားကြီးဂေါပကအဖွဲ့က စီစဉ်ရောင်းချပေးမည်ဖြစ်သည်။

သီတင်းကျွတ်ပွဲတော် ကျင်းပပြီး တန်ဆောင်မုန်းလအတွင်းတွင်လည်း ရန်ကုန်မြို့မှ ချမ်းမြေ့ဆရာတော်ကြီး၏ ဝိပဿနာသတိပဋ္ဌာန် ၁၅ရက် တရားစခန်း၊ မုံရွာ လယ်တီဆရာတော်ကြီး၏ နည်းနာနိဿယအတိုင်း လယ်တီဝိပဿနာဗဟိုအဖွဲ့ချုပ်၏ ဝိပဿနာခုနစ်ရက် တရားစခန်းများလည်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)



မဟာဒုက်ဇာတ်တော်

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရုပ်သေးဝါသနာရှင်အဆင့် (ပထမတန်း) မဟာဒုက် ဇာတ်တော်ပြိုင်ပွဲတွင် မန္တလေးတိုင်း ကိုယ်စားပြု ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး) မှ ဦးစီးသည့် ရသပေါင်းစု မြန်မာ့ယဉ်ကျေးမှု ရုပ်စုံသဘင်၏ ပါဝင်ယှဉ်ပြိုင် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ရုပ်သေးဝါသနာရှင်အဆင့် (ပထမတန်း) မဟာဒုက်ဇာတ်တော်ပြိုင်ပွဲ မန္တလေးတိုင်းကိုယ်စားပြု ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)မှ ဦးစီးသည့် ရသပေါင်းစု မြန်မာ့ယဉ်ကျေးမှု ရုပ်စုံသဘင် ပါဝင်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၀

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရုပ်သေးဝါသနာရှင်အဆင့် (ပထမတန်း) မဟာဒုက်ဇာတ်တော်ပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(စုဝေးခန်းမ)၌ ကျင်းပရာ ပစ္စည်းဆင်းရဲသော်လည်း စေတနာမဆင်းရဲအောင် နေတတ်သည့် လူ့သဘာဝကိုပြဆိုခြင်း၊ တစ်ဦးနှင့်တစ်ဦး ဖေးကူထောက်ပံ့တတ်သည့် လူနေမှုအိမ်ထောင်သည်ဘဝကို သိမြင်နိုင်ခြင်း၊ စိတ်ရင်းဖြူစင်သူကို သိကြားဒေဝါ များကပါ စောင့်ရှောက်တတ်သည်ကို နားလည်စေလိုခြင်း၊ စေတနာမှန်ကန်လျှင် ကံပါလာတတ်သည်ကို ပြဆိုခြင်းဟူသည့် အနှစ်သာရတို့ဖြင့် မန္တလေးတိုင်း ကိုယ်စားပြု ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)မှ ဦးစီးသည့် ရသပေါင်းစု မြန်မာ့ယဉ်ကျေးမှု မဟာဒုက်ဇာတ်တော်ရုပ်စုံသဘင် ပါဝင်ယှဉ်ပြိုင်သည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ နေပြည်တော်ပျဉ်းမနားမြို့နယ်၊ နေပြည်တော်တပ်ကုန်းမြို့နယ်နှင့် နေပြည်တော်လယ်ဝေးမြို့နယ်တို့မှ အနုပညာကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မန္တလေးတိုင်းမှ ရသပေါင်းစု မြန်မာ့ယဉ်ကျေးမှု မဟာဒုက်ဇာတ်တော် ရုပ်စုံသဘင်တွင် ရုပ်သေးဇာတ်ညွှန်းအဖြစ် နေပြည်တော်ဦးကျော်သန်း၊ ပညာရှင်များအဖြစ် ဦးရွှေနန်းတင်၊ ဦးရွှေဘိုတင်အောင်နှင့် ဦးနန်းဌေးအောင်၊ မဟာဒုက်(ဆို၊ငို၊ ပြော)အဖြစ် ဦးကျော်မင်းထွေး၊ ဒလိဒ္ဒ(ဆို၊ငို၊ပြော)အဖြစ် ဒေါ်စန်းစန်းထွေး၊ မဟာဒုက်(ကြိုးဆွဲ)အဖြစ် ဦးခင်မောင်ထွေး၊ ဒလိဒ္ဒ(ကြိုးဆွဲ)အဖြစ် ဦးထွန်းထွန်းဝင်း၊ ဂေါပက(ဆို၊ငို၊ပြော)အဖြစ် ဦးမျိုးမင်းထွန်း၊ သိကြားမင်း လုလင်တော်(ပြော၊ဆွဲ)အဖြစ် ဦးဇော်နိုင်ဝင်း၊ ရှင်ဘုရင်/လုလင်တော်(ပြော/ဆွဲ)အဖြစ် ဦးတင့်ကျော်၊ သူဌေး/လုလင်တော်(ပြော၊ဆွဲ)အဖြစ် ဦးကျော်ဇေယျ၊ ဒလိဒ္ဒ(ကြိုး/ဆွဲ)၊ တံငါသည်မိန်းမ(ပြော/ဆွဲ)အဖြစ် ဒေါ်ဇင်မာဝင်း၊ သူဌေးကတော် (ပြော/ဆွဲ)အဖြစ် ဒေါ်ဥမ္မာမြင့်၊ သူကြွယ်ကတော် (ပြော/ဆွဲ)အဖြစ် ဒေါ်မြင့်မြင့်လှိုင်၊ နတ်သမီး(ကြိုး/ဆွဲ)အဖြစ် ဒေါ်အိအိခိုင်၊ လုလင်တော်(ပြော/ဆွဲ)အဖြစ် ဦးနေလင်းထက်၊ ဆိုင်းအဖွဲ့ခေါင်းဆောင် ဦးစိုးတင့်လွင်၊ ပတ်မတီးဦးထွန်းထွန်းနိုင်၊ နှဲဦးစိုးရွှေ၊ ကြေးတီး ဦးသိန်းရွှေ၊ မောင်းတီး ဦးအောင်အောင်၊ စည်းဝါး ဦးအောင်ကျော်ဆန်း၊အုပ်စုံတီး ဦးကျော်နိုင်ဆန်းတို့က ကူညီပံ့ပိုးတီးမှုတ်ကြသည်။

မန္တလေးတိုင်းမှ ရသပေါင်းစု မြန်မာ့ယဉ်ကျေးမှုရုပ်စုံသဘင် မဟာဒုက်ဇာတ်တော်တွင် ညီလာခံခန်း၊ မဟာဒုက်နှင့် ဒလိဒ္ဒထင်းခုတ်ခန်း၊ ကဿပဘုရား ကြွတော်မူခန်း၊ ဂေါပကလူကြီးမှ ရဟန်းစာရင်းယူခန်း၊ ဒလိဒ္ဒအိမ်၌ ငိုနေစဉ် မဟာဒုက် ရဟန်းပင့်ခဲ့ကြောင်းပြောခန်း၊ မဟာဒုက် ငါးဝယ်ခန်း၊ သူကြွယ်အိမ် ဒလိဒ္ဒ မောင်းထောင်းဆန်ပြာခန်း၊ ဂေါပကမှ အလှူနှိုးဆော်ခန်း၊ သိကြားမင်း ထမင်းချက်သူ ဟန်ဆောင်ခန်း၊ ကဿပဘုရားရှင် မဟာဒုက်အိမ်သို့ ကြွခန်း၊ ရတနာရွှေမိုးငွေမိုး ရွာခန်း၊ နှစ်ပါးဇာတ်ပေါင်းခန်းတို့ကို တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း (၄၀) ဖြစ်သည်။

ပို့ဆောင်နှုတ်ဆက်

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၅ ရက်အထိ မလေးရှားနိုင်ငံ ပါဟန်း ဒါဂိုမာမား၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ပန်ကြပ်ဆီလတ်တံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ထွန်း ခေါင်းဆောင်သည့် မြန်မာသိုင်းအားကစားအဖွဲ့ဝင်များ အောက်တိုဘာ ၁၉ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သိုင်းအဖွဲ့ချုပ်)

တရုတ်နိုင်ငံမှ လေ့လာရေးသိပ္ပံပညာရှင်များအဖွဲ့ တောင်ဝင်ရိုးစွန်းသို့ လာမည့်နှစ်တွင် စေလွှတ်မည်

ပေကျင်း အောက်တိုဘာ ၁၉

တရုတ်နိုင်ငံသည် တောင်ဝင်ရိုးစွန်း လေ့လာရေးဆိုင်ရာ သိပ္ပံပညာရှင်များ အဖွဲ့တစ်ဖွဲ့ကို လာမည့်နှစ်တွင် စေလွှတ်နိုင်ရန် စီစဉ်ထားကြောင်း အောက်တိုဘာ ၁၈ ရက်နေ့ ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

(၂၄)ကြိမ်မြောက် စေလွှတ်မည့် သိပ္ပံပညာရှင်များအဖွဲ့သည် အန္တာတိက ရေခဲချပ်၏ အမြင့်ဆုံးအမှတ်တွင် လေ့လာစောင့်ကြည့်ရေး စခန်းတစ်ခုကို တည်ဆောက်မည်ဖြစ်သည်။ နက္ခတ်တာရာနှင့် မိုးလေဝသ လေ့လာစောင့်ကြည့်ရေးစခန်းကို တည်ဆောက်ခြင်းဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်များ ရယူရာတွင်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထူးခြားအခြေအနေများကို မှတ်တမ်းတင်ရာတွင်လည်းကောင်း အထောက်အကူ ရရှိမည်ဖြစ်ကြောင်း တရုတ်အန္တာတိကဆိုင်ရာ နက္ခတ္တဗေဒ လေ့လာရေးဌာနမှ ကျွမ်းကျင်သူပညာရှင်များက ပြောကြားသည်။ တောင်ဝင်ရိုးစွန်း လေ့လာရေး တရုတ် သိပ္ပံပညာရှင်များနှင့်အတူ အမျိုးသားနက္ခတ္တဗေဒ လေ့လာရေးစခန်းနှင့် ပါဗယ်လ်မောင့်တိန်း လေ့လာရေးစခန်းတို့မှ အာကာသယာဉ်မှူးနှစ်ဦးလည်း လိုက်ပါမည်ဖြစ်သည်။ အန္တာတိကဒေသသို့ အာကာသယာဉ်မှူးများ စေလွှတ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အာကာသယာဉ်မှူး နှစ်ဦးသည် နက္ခတ္တဗေဒဆိုင်ရာ စက်ကိရိယာများ တပ်ဆင်နိုင်ရန် ဆောင်ရွက်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၀၅ခုနှစ်မှစ၍ အန္တာတိကဒေသ၌ သိပ္ပံသုတေသန လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် အာကာသယာဉ် လွှတ်တင်ရေးစခန်းရှိ လောင်းမတ်-၃ ဒုံးယာဉ်တစ်စင်းကို အောက်တိုဘာ ၁၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အဆင့်မြင့်နည်းပညာသုံး အကြီးဆုံးတိုက်လေယာဉ်ရုံသစ် အိန္ဒိယ၌တည်ဆောက်မည်

ဘာရီလီ အောက်တိုဘာ ၁၉

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဘာရီလီမြို့တွင် တိုက်လေယာဉ်များ ထားသိုမည့် လေယာဉ်ရုံသစ်ကို တည်ဆောက်မည်ဖြစ်ကြောင်း၊ အဆင့်မြင့် နည်းပညာသုံး လေယာဉ်ရုံသစ်သည် အိန္ဒိယရှိ လေယာဉ်ရုံများအနက် အကြီးဆုံး ဖြစ်လာမည်ဖြစ်ကြောင်း ပီတီအိုင်သတင်းဌာနက အောက်တိုဘာ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားလုပ် ဆူခွိုင်း အက်စ်ယူ-၃၀ အမ်ကေအိုင်အမျိုးအစား တိုက်လေယာဉ်များထားသိုနိုင်ရန် ဘာရီလီ လေတပ်အခြေစိုက်စခန်းတွင် လေယာဉ်ရုံသစ် ဆောက်လုပ်မည်ဖြစ်ကြောင်း၊ တိုက်လေယာဉ်များ မွမ်းမံထိန်းသိမ်းရေး ဌာနကိုလည်း ပူးတွဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပီတီအိုင် သတင်းတွင် ဖော်ပြသည်။

ဖြန့်ကြက်

ဘာရီလီလေတပ်စခန်းသည် မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိပြီး ဆူခွိုင်းတိုက်လေယာဉ်များ အဓိက ဖြန့်ကြက်ထားရာ နေရာဖြစ်ကြောင်း လေတပ်စခန်းမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်ရေးလုပ်ငန်းတွင် ဘက်စုံအသုံးပြုနိုင်သော ဆူခွိုင်းတိုက်လေယာဉ်များသည် ကီလိုမီတာ ၃၂၀၀ အကွာအဝေးရှိ ခရီးတာကို ပျံသန်းနိုင်သည်။ ယင်းလေယာဉ်သည် အဆင့်မြင့် နည်းပညာသုံး တိုက်လေယာဉ်အမျိုးအစားဖြစ်ပြီး တိုက်ခိုက်ရေးစွမ်းပကားမြင့်မားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မိုဆူးလ်ရှိ ရဲစခန်း၌ ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံး

မိုဆူးလ် (အီရတ်) အောက်တိုဘာ ၁၉

အီရတ်နိုင်ငံ နင်နီးဗာပြည်နယ် မြို့တော်မိုဆူးလ်ရှိ ရဲစခန်းတွင် အသေခံကားဗုံး ဖောက်ခွဲမှုဖြစ်ပွားသဖြင့် ရဲတပ်ဖွဲ့ဝင်လေးဦးထက်မနည်း သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်များ အပါအဝင် ၇၅ ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးများတင်ဆောင်ထားသည့် လောင်စာတင်ကားကို ဗုံးဖောက်ခွဲသူက မောင်းနှင်ပြီး မိုဆူးလ်မြို့ရှိ အယ်လ်-ရမ်မာရဲစခန်းကို ဝင်တိုက်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ယင်းတိုက်ခိုက်မှုကြောင့် ရဲစခန်းအကြီးအကဲ ရဲမှူးအီဗရာမူဟာမက် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါအမျိုးသမီး ၇၀ရာခိုင်နှုန်းကျော် အာဟာရ မပြည့်ဝ

ခတ္တမန္ဒူ အောက်တိုဘာ ၁၉

နီပေါနိုင်ငံရှိ အရွယ်ရောက်ပြီးသူ အမျိုးသမီး ၇၄ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းသည် အာဟာရဓာတ်မပြည့်ဝသည့် ဝေဒနာခံစားနေရကြောင်း ရိုင်ဇင်းနီပေါသတင်းစာတွင် အင်္ဂါနေ့က ဖော်ပြထားသည်။

နီပေါအမျိုးသမီးများသည် အာဟာရမပြည့်ဝသည့် ဝေဒနာနှင့် သံဓာတ်ချို့ယွင်းသည့် ဝေဒနာတို့ကို ခံစားနေရသည်ဟု နီပေါနိုင်ငံ အမျိုးသမီးပြန်လည်ထူထောင်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ ဘန်ဒါရီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖိလစ်ပိုင်နိုင်ငံ မာကီတာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများအား အောက်တိုဘာ ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် ဉယျာဉ်၌ ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက် အောက်တိုဘာ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်အနောက်ပိုင်းရှိ ပြည်သူ့ဉယျာဉ်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် လေးဦးသေဆုံးပြီး အမျိုးသမီးနှင့်ကလေးငယ် အများစုအပါအဝင် ၂၅ဦး ဒဏ်ရရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ဘဂ္ဂဒက်မြို့ အနောက်ပိုင်း ဟာသီယာအရပ်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတွင် စက်တင်ဘာလ၌ အလုပ်လက်မဲ့ဦးရေမြင့်တက်လာ

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၂၀

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၏ အလုပ်လက်မဲ့ဦးရေသည် ဩဂုတ်လအတွင်းက ၉၉၆၀၀၀ ရှိနေရာမှ စက်တင်ဘာလတွင် ၁ ဒသမ ၀၂သန်းအထိ မြင့်တက်လာကြောင်း စာရင်းအင်းဌာန၏ အောက်တိုဘာ ၁၉ရက်ထုတ်ပြန်ချက်တွင် ပါရှိသည်။

ပြည်နယ်၏ အလုပ်လက်မဲ့အချိုးအစားသည် ဩဂုတ်လအတွင်းက ၅ဒသမ ၅ရာခိုင်နှုန်းသာရှိနေရာမှ စက်တင်ဘာလတွင် ၅ဒသမ ၆ရာခိုင်နှုန်းသို့ တိုးမြင့်လာခြင်းဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ်၏ ၂၀၀၆ ခုနှစ် အောက်တိုဘာလ အလုပ်လက်မဲ့အခြေအနေသည် ၄ ဒသမ ၆ ရာခိုင်နှုန်းသာရှိသည်။

စက်တင်ဘာလတွင် လော့စ်အိန်ဂျလိစ်ခရိုင်၏ အလုပ်လက်မဲ့ဦးရေစုစုပေါင်းသည် ၂၅၄၀၀၀ ရှိသည်။ ယင်းခရိုင်အတွင်း နေထိုင်သော လုပ်သားအင်အားအရေအတွက်သည် ၅ဒသမ ၁ သန်းရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

ကရာချိမြို့တွင် ဘနာဇီယာဘူတို၏ယာဉ်တန်းအနီးဗုံးပေါက်ကွဲ ၁၀၀ ကျော်သေဆုံးပြီး အများအပြား ဒဏ်ရာရ

အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၀

ပါကစ္စတန်နိုင်ငံ၏ ဆိပ်ကမ်းမြို့ဖြစ်သော ကရာချိမြို့၌ အောက်တိုဘာ ၁၉ရက်က ပါကစ္စတန်ပြည်သူ့ပါတီဥက္ကဋ္ဌ ဘနာဇီယာဘူတို၏ ယာဉ်တန်းအနီးတွင် ဗုံးနှစ်လုံး ပေါက်ကွဲခဲ့သည်။

ဖွဲ့စည်း

ထိုကိစ္စနှင့်ပတ်သက်၍ စစ်ဆေးရန် ရဲတပ်ဖွဲ့ဝင်လေးဦးပါဝင်သော အဖွဲ့ကို အာဏာပိုင်များက ဖွဲ့စည်းပေးလိုက်ပြီဖြစ်သည်။

ဖော်ပြ

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ၁၃၈ ဦး သေဆုံးပြီး ၅၀၀ ကျော် ဒဏ်ရာရရှိကြောင်း ဆေးရုံသတင်းရပ်ကွက်ကို ကိုးကား၍ အေပီပီ သတင်းဌာနက ဖော်ပြသည်။ သို့ရာတွင် ရဲတပ်ဖွဲ့ကဖော်ပြသော စာရင်း၌မူ သေဆုံးသူမှာ ၁၁၄ ဦးသာရှိပြီး ဒဏ်ရာရသူဦးရေမှာလည်း ၃၂၅ ဦးသာ ရှိသည်ဟု ဆိုသည်။

ပြန်လည်ရောက်ရှိ

အဆိုပါဖြစ်စဉ်တွင် ဘူတိုမှာ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင် တိုက်ပွဲဖြစ်ပွား ရှစ်ဦးသေဆုံး

ကဘူး အောက်တိုဘာ ၁၉

အာဖဂန်နစ္စတန်နိုင်ငံအလယ်ပိုင်း ဝါဒက်ပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့နှင့် စစ်သွေးကြွတို့ တိုက်ပွဲဖြစ်ပွားရာ စစ်သွေးကြွငါးဦးနှင့် အရပ်သားသုံးဦး သေဆုံးကြောင်း အောက်တိုဘာ ၁၅ ရက်တွင် တာဝန်ရှိသူက ပြောကြားသည်။

အစိုးရတပ်ဖွဲ့များနှင့် တာလီဘန်စစ်သွေးကြွများသည် ဂျယ်ရစ်ခရိုင်တွင် အောက်တိုဘာ ၁၄ ရက်က တိုက်ပွဲဖြစ်ပွားရာ တာလီဘန်ငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ရဲအရာရှိ မိုဟာမက်အဇစ် ဘနူဝေါက ဆင်ဟွာသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ ကန်တော်ကြီး ရေထိန်းတံခါးနှင့် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ကန်တော်ကြီး ရေထိန်းတံခါးနှင့် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၄၅မိနစ်တွင် မန္တလေးမြို့ ကန်တော်ကြီး ရေထိန်းတံခါး တည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးမောင်ပု၊ ရေနှင့်သန့်ရှင်းရေးဌာနမှူး ဦးထွန်းကြည်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ဌာနမှူးဦးထွန်းကြည်က ကန်တော်ကြီး ကန်အတွင်း ရေဆိုးများ ဝင်ရောက်ခြင်းမှ ကာကွယ်ရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ကန်တော်ကြီးကန်၏ ရေအမြင့်ကို ထိန်းသိမ်းနိုင်ရေးအတွက် ငါးပေ ပတ်လည်ရှိ ရေထိန်းတံခါးသုံးခုဖြင့် တစ်နာရီလျှင် ရေဂါလန် ၁ ဒသမ ၅ သန်း ရေထုတ်နိုင်အောင် တည်ဆောက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မန္တလေးတိုင်း ဒုတိယအင်ဂျင်နီယာချုပ်(လမ်း) ဦးကြူဟင်းနှင့် စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဌေးမြင့်တို့က ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးနေမှု၊ တံတားကြီးအပေါ်ပိုင်း အချောသပ်လုပ်ငန်း ဆောင်ရွက်နေမှု၊ တံတားကြီးပေါ်မှ ဝန်ပါယာဉ်များဖြင့် စမ်းသပ်ဖြတ်သန်းမောင်းနှင် စစ်ဆေးမှုနှင့် ခံနိုင်ဝန်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က တံတားကြီးနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဧရာဝတီတံတား(ရတနာပုံ) ပေါ်သို့ သွားရောက်၍ တံတားကြီးအပေါ်ပိုင်း အချောသပ်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် တံတားကြီး ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တံတားကြီး၏ စစ်ကိုင်းဘက်ထိပ်သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ဧရာဝတီတံတား(ရတနာပုံ)သည် ပင်မတံတား ၃၆၉၄ ပေ၊ ချဉ်းကပ်တံတား (မန္တလေးဘက်ခြမ်း) ပေ ၁၁၄၀၊ ချဉ်းကပ်တံတား(စစ်ကိုင်းဘက်ခြမ်း) ပေ ၇၈၀ စုစုပေါင်း ၅၆၁၄ ပေ ရှည်လျားပြီး ပင်မတံတားမှာ သံမဏိသံပေါင် အမျိုးအစားဖြစ်ကာ ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ် ရက်မနှင့်ကြမ်းခင်း အမျိုးအစားဖြစ်သည်။ တံတားပေါ်၌ ယာဉ်သွားလမ်းသည် လေးလမ်းသွားဖြစ်ပြီး အကျယ်မှာ ၄၉ ပေရှိသည်။ လူသွားလမ်းမှာ တစ်ဖက်လျှင် ခြောက်ပေစီကျယ်ပြီး ခွင့်ပြုတန်ချိန်သည် တန် ၆၀ ဖြစ်ကြောင်းနှင့် တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၇၀၀နှင့် အမြင့်ပေ ၄၀ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ညောင်ကန်အေး ရွှေပြည်သာ မဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၀

(၁၄)ကြိမ်မြောက် ညောင်ကန်အေး ရွှေပြည်သာ သာသနာ့ရိပ်သာ၏ စုပေါင်းမဟာဘုံကထိန်ပွဲကို ရိပ်သာပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (ရွှေဘို)အား အမှူးထား၍ နိုဝင်ဘာ ၁၈ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်(၆/၁၀)ရပ်ကွက်ရှိ အဆိုပါသာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၄၀၀၀၊ ထီး၊ ဖိနပ်နှင့် ဆေးဝါးအတွက် ငွေကျပ် ၂၀၀၀၊ ငွေပဒေသာပင်တစ်ပင်လျှင် ငွေကျပ် ၁၀၀၀၊ သံဃာတစ်ပါးလျှင် ဆွမ်းတစ်နပ် ငွေကျပ် ၅၀၀ဖြင့် လှူဒါန်းလိုသူများသည် ရိပ်သာဝေယျာဝစ္စအဖွဲ့ ဖုန်း-၀၁-၆၁၀၃၆၃၊ ဦးတင်ဌေး ဖုန်း-၀၁-၆၁၀၉၄၇နှင့် ဦးတင်ဝင်း ဖုန်း-၀၁-၆၁၁၁၄၉တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အလှူရှင်များ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးကို ကြိုဆိုဂုဏ်ပြုလျက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၂)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ သာကီဟိန်း(တကောင်း)၊ မောင်တင့်လွင်(ပေါက်)၊ ဝင့်မွန်ထွန်း၊ စောလွမ်းသိမ်း(ရသစာပေ)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ကိုစိုင်းထက်မြက်သိမ်း၊ ချမ်းမြဆောင်း(ကလော)၊ ကြည်တင့်နိုင်၊ ဘွင်းဘွင်း၊ စောယယ်ငယ်(မိုးညှင်း)၊ ပုဂံမွှေးကြည်တို့၏အဖွင့်ကဗျာ များ၊ စောမုံညင်း၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာဦးဖေညာဏ်၊ လှိုင်မြင့်ဦး၊ ချစ်နိုင်(စိတ်ပညာ)၊ ဖိုးသား(ဟိုပင်)၊ သီဟဆွေ(သဒ္ဒမ္မဇောတိကဓဇ)၊ စာကြည့်တိုက်ခင်မောင်၊ ဒေါ်မိမိလေး(မြန်မာစာ)၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ ဦးကျော်စိန်(မန္တလေး)၊ ဦးစံတင်အောင် (ရွှေဘို)၊ မြင်းခြံကျော်အောင်၊ စေတနာလှိုင်(ရေစကြို)၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ ပန်းတနော်စောလွင်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ပန်းတောင်းသန်းကြွယ်၊ ရွှေပြည်စိုး၊ မွှေးငယ်ငယ်၊ အောင်ခင်(လက်ရွေးစင်)၊ တက္ကသိုလ်စိုးယဉ်တို့၏ ဆောင်းပါးများ၊ ခင်မောင်အေး(မန္တလေး)၊ တင်ဝင်း(ပညာရေး)၊ မောင်ဆန္ဒ(လယ်ဝေး)၊ စစ်ကိုင်းစိမ်းစိမ်း၊ ပိုနေမြ(ဝက်လက်)၊ ဘိုမျိုး(ရွှေဘို)၊ ထွေးကြည်(သလ္လာဝတီ)၊ သန်းဝင်းကြေး/မြေ(ဝက်လက်)၊ တက္ကသိုလ်မောင်သုလှိုင်တို့၏ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စာပေအလင်းစာပေသတင်း၊ စာအုပ်စင်၊ ဗုဒ္ဓစာဥယျာဉ်၊ ကာတွန်းများအပြင် ပုံပြင်များ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ် စသည့် ကဏ္ဍစုံဖြင့် သုတရသ စုံလင်စွာတင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ၊ ကုန်သည်လမ်း၊ ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	ကုန်စည်တိုးပွားတွံတေးတံတား
၈း၃၀	၈။	International News.
၈း၄၅	၉။	Say it in English.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	**မြန်မာ့ရုပ်ရှင် "တစ်ကျော့နှစ်ကျော့တေးကိုသီ" (ဝင်းဦး၊ တင်တင်မြ၊ ချိုပြုံး) (ဒါရိုက်တာ-ထွန်းညွန့်ဦး)**
၂း၀၀	၅။	(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ဘိလိယက်နှင့်စနူကာ)
၂း၂၀	၆။	တေးဂီတအစီအစဉ်
၂း၃၅	၇။	ရင်းငြိမ်ရေထိန်းတံခါး
၂း၄၅	၈။	International News.
၃း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English for Every day Use.
၄း၄၅	၄။	**အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
၅း၁၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၃၀	၆။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၃၀	၈။	မိုးလေဝသအခြေအနေ
၆း၃၅	၉။	သီရိဂေဟာ
၇း၀၅	၁၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်ဆမ်းမှ" (အပိုင်း-၁)**
၈း၀၀	၁၁။	ပြည်တွင်းသတင်း
	၁၂။	နိုင်ငံတကာသတင်းများ
	၁၃။	မိုးလေဝသအခြေအနေ
	၁၄။	၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ
	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စရာ့ပျိုကညာ" (အပိုင်း-၁၄)**
	၁၆။	နောက်တစ်နေ့အစီအစဉ်
	၁၇။	အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၀၇ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	'ငြိမ်းချမ်းရှင်းသန့် သာသနာတော်(၃)ရပ်'တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၅၀-၁း၅၀	Soccer Update
၈း၀၅-၂း၀၅	တေးဂီတအစီအစဉ်
၈း၁၀-၂း၁၀	Sunday Talk
၉း၀၅-၃း၀၅	တေးဂီတအစီအစဉ်
၉း၁၀-၃း၁၀	ဖိတ်ခေါ်လိုက်ပါသည်ငွေဆောင်ကမ်းခြေဆီ
၉း၂၅-၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	စေတနာအပေါင်းခညောင်းဝေဆာစားသောက်ဖွယ်ရာကမ္ဘာ
၁၀း၁၀-၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	အိမ်တွင်းစီးပွားမုန့်လုပ်နည်းပညာများ (နာနတ်ယိုပြုလုပ်ရအောင်)
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	လောင်စာစွမ်းအင်အတွက် အားထားရမည့်ခြိစည်းရိုးကြက်ဆူပင်များ
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅-၅း၃၅	Euro Goals
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	အနာဂတ်ရင်သွေးငယ်များ၏အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၂း၃၀-၆း၃၀	နိုင်ငံတကာအနုပညာရေးရာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	ပွဲကြိုသုံးသပ်ချက်	ESPN(Live)
၉း၂၅	West Ham-Sunderland	ESPN(Live)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	Milan-Empoli	5-Cartoon(Live)
၁း၀၀	Juventus-Genoa	5-Cartoon(Live)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၀

ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီးကို သီးသီးသန့်သန့် ဖြစ်တည်ပိုင်ဆိုင်နေခြင်းသည် နိုင်ငံနှင့်လူမျိုး၏ အတိတ်သမိုင်းကြောင်း ခမ်းနားထည်ဝါခိုင်ခံ့မှုကို ဖော်ညွှန်းပြသနိုင်သည့် ဂုဏ်ဒြပ်တစ်ခုလည်းဖြစ်ပြီး အလားတူပင် နှစ်ပေါင်းထောင်ချီ ရှည်လျားခိုင်မာသော သမိုင်းကြောင်းကာလတစ်လျှောက်တွင် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ရှေးရိုးစဉ်လာမပျက် မြဲမြံတည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်လာနိုင်ခြင်းသည်လည်း အမျိုးကိုချစ်သည့် စိတ်ဓာတ်နှင့် အမျိုးအနွယ်ကို စောင့်ထိန်းသောစွမ်းအားတို့ ကြီးမားခံ့ထည်ခဲ့၍ပင်ဖြစ်သည်နှင့်အညီ အောက်တိုဘာ ၁၇ ရက်မှစတင်ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ တတိယနေ့ပြိုင်ပွဲ အစီအစဉ်များကို အောက်တိုဘာ ၁၉ ရက်တွင် နေပြည်တော် ရေဆင်းရှိ သတ်မှတ်နေရာအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပသည်။

ထိုသို့ ကျင်းပရာတွင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌လည်းကောင်း၊ အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း၊ အရေးပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ၌လည်းကောင်း၊ စန္ဒရားတီးပြိုင်ပွဲကို သစ်တောဦးစီးဌာန သစ်တောသုတေသန စုဝေးခန်းမ၌လည်းကောင်း၊ အိုးစည်အတီးပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌လည်းကောင်း၊ ဂီတာအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌လည်းကောင်း၊ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း အသီးသီး ကျင်းပကြရာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများ၊ အနုပညာရှင်ကြီးများ၊ နေပြည်တော်ပျဉ်းမနား တပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များ၏ မိသားစုများ၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော် တပ်ကုန်းနှင့် နေပြည်တော်လယ်ဝေးမြို့နယ်တို့မှ ပြည်သူများ၊ နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက် ညွှန်ကြားရေးမှူး (ဂီတ) (အငြိမ်းစား) ဂီတပညာရှင် ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ ခေတ်ဟောင်း/ကာလပေါ်တေး အကဲဖြတ်ပညာရှင်များအဖွဲ့ခေါင်းဆောင် ဂီတပညာရှင် ဦးမင်းနောင်နှင့်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၀-၁၅) (အမျိုးသား) ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲကို ကျင်းပရာ ပြည်လှဖေ သီဆိုသည့် **"သုဝဏ္ဏသျှံ"** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်အောင်ခိုင်မင်း၊ ကယားပြည်နယ်မှ မောင်ရန်ပိုင်ဦး၊ ရန်ကုန်တိုင်းမှ မောင်ထက်အောင်လင်း (ခေါ်) ဇင်မောင်မောင်၊ စစ်ကိုင်းတိုင်းမှ မောင်ဝေလာထွန်း၊ မကွေးတိုင်းမှ မောင်အံ့ဩရ၊ ကချင်ပြည်နယ်မှ မောင်ရှင်းသန့်အောင်၊ တနင်္သာရီတိုင်းမှ မောင်ဇော်ဇော်ထွန်း၊ ဧရာဝတီတိုင်းမှ မောင်သျှိုင်းထက်အောင်၊ ရခိုင်ပြည်နယ်မှ မောင်ဇော်နိုင်မိုး၊ ကရင်ပြည်နယ်မှ မောင်စောဂျွန်စကိုင်း၊ ပဲခူးတိုင်းမှ မောင်အောင်ဆက်ပိုင်၊ မန္တလေးတိုင်းမှ မောင်သူရကျော်၊ ရှမ်းပြည်နယ်မှ မောင်တင်အောင်ချို၊ မန္တလေးတိုင်းမှ မောင်လှမျိုးဇော်နှင့် မွန်ပြည်နယ်မှ မောင်ထက်မြက်ကျော်တို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅) နှစ် (အမျိုးသမီး)အကပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မထက်ထက်စံ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) ခေတ်ဟောင်း/ကာလပေါ်တေးအဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဒေါ်ကြည်အောင် သီဆိုသည့် "ဓမ္မစကြာ" သီချင်းဖြင့် ကချင်ပြည်နယ်မှ ဒေါ်ဝင်းကျော့နွယ်၊ ရန်ကုန်တိုင်းမှ ဒေါ်ထူးသန္တာကျော် (ခေါ်) နွယ်နွယ်ကြူ၊ မန္တလေးတိုင်းမှ မသော်တာချမ်းမြေ့၊ ရှမ်းပြည်နယ်မှ ဒေါ်ချိုရီလွင်၊ မွန်ပြည်နယ်မှ မအေးစန္ဒာ၊ ချင်းပြည်နယ်မှ မသန္တာအီယန်လေ့ပ်၊ မကွေးတိုင်းမှ ဒေါ်တင်နိုင်မိုး၊ ဧရာဝတီတိုင်းမှ ဒေါ်တင်တင်မြ၊ ရန်ကုန်တိုင်းမှ ဒေါ်မူမူဆွေ၊ မန္တလေးတိုင်းမှ ဒေါ်သင်းသင်းခိုင်၊ ပဲခူးတိုင်းမှ ဒေါ်ချယ်ရီဝင်း၊ စစ်ကိုင်းတိုင်းမှ မညိုညိုဝင်းနှင့် ရခိုင်ပြည်နယ်မှ ဒေါ်သန်းသန်းဝင်းတို့က သီဆိုပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး)အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ သဘင်ပညာရှင် ဦးစိန်မာဒင်၊ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) သဘင်ဌာနမှ ပါမောက္ခ ဒေါ်နုနုခင်၊ အတွင်းရေးမှူး ပန်းချီကျောင်း(ရန်ကုန်)မှ ကျောင်းအုပ် ဒေါ်မူမူခင်နှင့် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) အကပြိုင်ပွဲတွင် မကွေးတိုင်းမှ မဝင့်နန္ဒလက်၊ ရန်ကုန်တိုင်းမှ မသူဇာလှိုင်၊ ကချင်ပြည်နယ်မှ မဇင်ယော်မေ၊ စစ်ကိုင်းတိုင်းမှ မထက်အိဖူး၊ ရန်ကုန်တိုင်းမှ မရူမဝ(ခ) ရွှန်းလဲ့ရူပါမွန်၊ မွန်ပြည်နယ်မှ မပွင့်ဦးငယ်၊ စစ်ကိုင်းတိုင်းမှ မမိုးမာမြင့်၊ ချင်းပြည်နယ်မှ မအာဘီ ကာယ်ဇိန်တပါရ်၊ ရခိုင်ပြည်နယ်မှ မသဇင်ထွန်း၊ ဧရာဝတီတိုင်းမှ မကျော့ကျော့ခိုင်၊ မန္တလေးတိုင်းမှ မထက်ထက်စံ၊ ပဲခူးတိုင်းမှ မသင်းနိုင်နိုင်စံ၊ ရှမ်းပြည်နယ်မှ မနန်းလွင်ထက်ထက်ကျော်၊ ပဲခူးတိုင်းမှ မမေမြတ်သွယ်၊ ကချင်ပြည်နယ်မှ မထက်ထက်မိုးလွင်၊ မန္တလေးတိုင်းမှ မသီရိမေ၊ ကယားပြည်နယ်မှ မမြတ်စုမွန်နှင့် မဝေဖူးသိမ့်၊ ဧရာဝတီတိုင်းမှ မဖြူဖွေးသန့်၊ ကရင်ပြည်နယ်မှ မနန်းတင့်တင့်အေးနှင့် တနင်္သာရီတိုင်းမှ မအေးအေးပိုင်တို့က ယှဉ်ပြိုင်ကပြကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အရေးပြိုင်ပွဲ၏ သံစဉ်ထည့်သွင်း သီချင်းတိုက်လေ့ကျင့်မှုကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးသုတေသနသင်တန်းခန်းမ၌ကျင်းပရာ အရေးပြိုင်ပွဲ အကဲဖြတ်အမှတ်ပေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ အတွင်းရေးမှူး အနုပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးဇော်ငွေးနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

သီချင်းတိုက်လေ့ကျင့်မှုတွင် အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့သည့် တေးစာရေးသားပြိုင်ပွဲဝင်ခဲ့သော ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲဝင်များက **"စစ်၍မှန်သော မျိုးချစ်စိတ်"** တေးစာခေါင်းစဉ်ကို ကချင်ပြည်နယ်မှ ဦးဝင်းနွယ်၊ ကယားပြည်နယ်မှ ဦးရွှေထွန်း၊ ကရင်ပြည်နယ်မှ ဦးမြင့်စိုး၊ ချင်းပြည်နယ်မှ ဦးအောင်တင်၊ မွန်ပြည်နယ်မှ ဦးအုပ်ကျော်၊ ရှမ်းပြည်နယ်မှ ဦးဝင်းလှိုင်၊ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း၊ မကွေးတိုင်းမှ ဦးမောင်မောင်သိန်း၊ မန္တလေးတိုင်းမှ ဦးသက်မြင့်လွင်နှင့် ဦးရဲထွန်းဝင်း၊ ရန်ကုန်တိုင်းမှ ဦးတင့်ခိုင်နှင့် ဒေါ်မူမူဆွေနှင့် ဧရာဝတီတိုင်းမှ ဦးသန်းရှိန်တို့က သံစဉ်ထည့်သွင်း သီချင်းတိုက်လေ့ကျင့်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ဆက်လက်ကျင်းပရာ စန္ဒရားအတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးနီနီနှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

ထိုသို့ ပြိုင်ပွဲဝင်ရာတွင် ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲ၌ **"ဆဒ္ဒန်အိုင်သာ(သီချင်းခံ)"** ဖြင့် မန္တလေးတိုင်းမှ ဒေါ်ခင်ဆွေမြကြည်နှင့် ဒေါ်လွင်မီထွန်း၊ ရခိုင်ပြည်နယ်မှ ဒေါ်စည်သူစိုးနှင့် ပဲခူးတိုင်းမှ ဒေါ်တင်စန္ဒာဝင်းတို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"သည်ဆောင်းဟေမန် (ဘွဲ့)"** သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်ထက်နိုင်ဝင်း၊ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်၊ ရှမ်းပြည်နယ်မှ မောင်ခွန်သက်နိုင်ဦး၊ ကချင်ပြည်နယ်မှ မောင်လာဘော်၊ ကယားပြည်နယ်မှ မောင်သက်သန်းဟန်၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်သူ၊ မွန်ပြည်နယ်မှ မောင်ထက်ဇော်ရှိန်၊ ရန်ကုန်တိုင်းမှ မောင်အောင်စည်မင်းထက်နှင့် မောင်အောင်ကိုကိုလှနှင့် မန္တလေးတိုင်းမှ မောင်ကောင်းဝေယံလင်းတို့က ပြိုင်ပွဲဝင်ကြသည်။

အလားတူ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အိုးစည်အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပရာ အိုးစည်အတီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အိုးစည်အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ ဦးဝေမြင့်(ခ) ဦးရွှေဆိုင်းနှင့် အဖွဲ့၊ ရခိုင်ပြည်နယ်မှ ဦးကျော်ဝင်းနှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ ဦးမျိုးလင်းလင်းနှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးပြည့်ဖြိုးမော်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်ဇယား

ရက်စွဲ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်	နေရာ
၂၁-၁၀-၂၀၀၇ (တနင်္ဂနွေနေ့)	ခေတ်ဟောင်း/ကာလပေါ်	ဝါသနာရှင်(ပ) (မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၅-၁၀) (ကျား)	၁၃၀၀	(စုဝေးခန်းမ)
	အက	အဆင့်မြင့်(ကျား)	၀၉၀၀	မွေးမြူရေးဆိုင်ရာ
		အခြေခံ (၅-၁၀) (ကျား)	၁၃၀၀	ဆေးတက္ကသိုလ်(ဘွဲ့နှင်း)
	ဇာတ်သဘင်	**သုဝဏ္ဏသာမဇာတ်တော်ကြီး မန္တလေးတိုင်း**	၁၉၀၀	။
	စန္ဒရား	ဝါသနာရှင် (ပ) (ကျား)	၀၉၀၀	သစ်တောသုတေသန
		အခြေခံ (၁၀-၁၅) (မ)	၁၃၀၀	(စုဝေးခန်းမ)
	စောင်း	ဝါသနာရှင် (ဒု) (ကျား)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၁၅-၂၀) (မ)	၁၃၀၀	(စာသင်ခန်းမ)
		အခြေခံ (၁၀-၁၅) (ကျား) (မ)		။
	အိုးစည်	အခြေခံ (၁၅-၂၀)	၀၉၀၀	စိုက်ပျိုးရေးသုတေသန
		အခြေခံ (၁၀-၁၅)	၁၃၀၀	(စုဝေးခန်းမ)
	နှဲ	အခြေခံ (၅-၁၀)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၁၀-၁၅)	၀၉၀၀	(ဘွဲ့နှင်းသဘင်ခန်းမ)
		အခြေခံ(၁၅-၂၀)	၁၃၀၀	။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီတို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားအက ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နှင့်ဇနီး ဒေါ်စန်းစန်းရီတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရေဆင်း၌ ကျင်းပလျက်ရှိသော (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲနှင့် အတီးပြိုင်ပွဲများသို့ သွားရောက် ကြည့်ရှု အားပေးကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီတို့သည် မွန်းလွဲ ၁ နာရီခွဲတွင် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပလျက်ရှိသည့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားအကပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ၏ ပါဝင်ယှဉ်ပြိုင် ကပြနေမှုများကိုလည်းကောင်း၊ သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပလျက်ရှိသည့် အဆင့်မြင့်ပညာအဆင့် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ၏ တီးခတ်ယှဉ်ပြိုင်နေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှု အားပေးကြပြီး အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီးတို့သည် ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် စိုက်ပျိုးရေးသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပလျက်ရှိသည့် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် ဒိုးပတ်အတီးပြိုင်ပွဲသို့ သွားရောက်၍ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များ၏ တီးမှုတ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

★ စာမျက်နှာ ၆ မှ

ဦးချစ်ကျော်ကျော်နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးလင်းထိုက်အောင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးအောင်ဗိုလ်ဝင်း(ခ) ဦးမြင့်ဝင်းနှင့်အဖွဲ့၊ ဦးအေးမင်းနှင့်အဖွဲ့နှင့် စစ်ကိုင်းတိုင်းမှ ဦးရဲဝင်းထွန်းနှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အိုးစည်အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ထက်အာကာမောင်နှင့်အဖွဲ့နှင့် မောင်ဟန်သူရထွန်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်ရန်နိုင်ဝင်းနှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်ချစ်ဦးမောင်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ ဂီတာအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်၊ တွဲဖက်အတွင်းရေးမှူး အနုပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ငွေနှင့် အတီးအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ ဂီတာ အကဲဖြတ်ပညာရှင်များ အဖွဲ့ခေါင်းဆောင် ဂီတာ ဦးဖေဝင်းနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား)ဂီတာအတီးပြိုင်ပွဲကို ကျင်းပရာ **"ပတ္တမြားပလ္လင်"** ကာလပေါ်သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်ကျော်စွာလင်း၊ ကရင်ပြည်နယ်မှ မောင်စောမင်းလွင်၊ မန္တလေးတိုင်းမှ ဦးတာနော့နှင့် ဦးရဲတင့်၊ ရခိုင်ပြည်နယ်မှ ဦးကျော်မြင့်၊ ရန်ကုန်တိုင်းမှ ဦးစိုးတင့်၊ ဧရာဝတီတိုင်းမှ ဦးငြိမ်းသောင်း၊ မွန်ပြည်နယ်မှ ဦးတင်ရွှေ၊ တနင်္သာရီတိုင်းမှ ဦးတင်ထွန်းနှင့် ရန်ကုန်တိုင်းမှ ဦးလှမြင့်တို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့်(ဒုတိယတန်း) (အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"ပတ္တမြားပလ္လင်"** ကာလပေါ်သီချင်းဖြင့် ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်း၊ ရန်ကုန်တိုင်းမှ မရွက်နုခိုင်နှင့် ရန်ကုန်တိုင်းမှ မနွေဇင်ဝင်းတို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) ဂီတာအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"မြနန်းခန်းတွင်"** (ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်မင်းထွဋ်နှင့် မောင်ထက်ကိုကိုလင်းနှင့် ပဲခူးတိုင်းမှ မောင်နန်းတိမ်ယံထွန်းတို့က လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) ဂီတာအတီးပြိုင်ပွဲတွင် **"ပိတောက်ရွှေဝါ"** ကာလပေါ်သီချင်းဖြင့် ရန်ကုန်တိုင်းမှ မပိုးအိကြည်သူစန်းနှင့် ဧရာဝတီတိုင်းမှ မမေမြတ်တင်တို့က တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဆိုင်းတစ်ဦးချင်း အတီးအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲတွင် **"လှဲ့လှဲ့စိမ်းရောင်"** (ကြိုး)သီချင်းဖြင့် မကွေးတိုင်းမှ မောင်ခင်မောင်ချစ်၊ မန္တလေးတိုင်းမှ မောင်ငြိမ်းချမ်းဖြိုး၊ ရန်ကုန်တိုင်းမှ မောင်တင်ထက်မိုင်းလင်း(ခ) မောင်ဗိုလ်ရှိုင်း၊ မွန်ပြည်နယ်မှ မောင်ဖြိုးလျှံ၊ စစ်ကိုင်းတိုင်းမှ မောင်ထက်ဇော် (ခ) မောင်ကျော်ကျော်သက်၊ မန္တလေးတိုင်းမှ မောင်ရှိုင်းဗိုလ်ဗိုလ်၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း (ခ) မောင်ဖိုးလပြည့်တို့က ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"ဝေဘာဂီရီ"** (ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ရဲမင်းထွန်း(ခ) မောင်ဗိုလ်ရဲ၊ စစ်ကိုင်းတိုင်းမှ မောင်စည်သူမောင်တင်(ခ) မောင်စည်သူထွန်း၊ ရန်ကုန်တိုင်းမှ မောင်ဆန်းဆင့်မောင်မောင်၊ ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်၊ မကွေးတိုင်းမှ မောင်လှမင်းနှင့် ရန်ကုန်တိုင်းမှ မောင်ထက်အာကာမောင်တို့က ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
သုဝဏ္ဏသာမဇာတ်တော်ကြီး

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၂၁-၁၀-၂၀၀၇	မန္တလေးတိုင်း
၂။	၂၂-၁၀-၂၀၀၇	စစ်ကိုင်းတိုင်း

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၂၂-၁၀-၂၀၀၇	ဧရာဝတီတိုင်း ရုပ်စုံအဖွဲ့
၂။	၂၄-၁၀-၂၀၀၇	ရန်ကုန်တိုင်း တော်ဝင်ရုပ်စုံအဖွဲ့
၃။	၂၇-၁၀-၂၀၀၇	စစ်ကိုင်းတိုင်း ရုပ်စုံအဖွဲ့

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
ပြဇာတ်

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်တိုင်း
၁။	၂၃-၁၀-၂၀၀၇	စစ်ကိုင်းတိုင်း
၂။	၂၄-၁၀-၂၀၀၇	မန္တလေးတိုင်း
၃။	၂၅-၁၀-၂၀၀၇	ရန်ကုန်တိုင်း
၄။	၂၇-၁၀-၂၀၀၇	ပဲခူးတိုင်း
၅။	၂၈-၁၀-၂၀၀၇	ဧရာဝတီတိုင်း

မြင့်မားစေတနာ

(အစညီ၊ အချညီ၊ ပါဒညီ ပိုဒ်စုံရတု)

☆ **ဝင့်ကြွားကြေညာ**၊ ထိန်ဝေဖြာသား၊ သိင်္ဂါရွှေရည်၊ မြန်ဌာနီ၏၊ နေပြည်တော်မှ၊ ကြိုနေကြမည့်၊ နှမမောင်မယ်၊ ဂုဏ်ထူးကြွယ်နှင့်၊ တစ်သွယ်မောင်ကြီး၊ ရှုမငြီးပ၊ မကြီး,မငယ်၊ ဇာတိနွယ်တို့၊ ချစ်ဖွယ်မိတ်ကောင်း၊ ဗြဟ္မစိုရ်လောင်းလို့၊ မိတ်ဟောင်းများစွာ၊ ကြွရောက်လာရေး၊ ဦးစွာတွေးလျက်၊ မနေးစီစဉ်၊ ရှေးယခင်သို့၊ ပျော်ရွှင်စေမှု၊ ပြည်ထောင်စုအသွင်၊ ယဉ်ကျေးစဉ်လာ၊ ဉာဏတကာခပင်း၊ တိုင်းရင်းမျိုးဆွေ၊ ဆုံကြပေမည်၊ နေခြည်မေတ္တာ၊ ပို့သကာဖြင့်၊ ကျန်းမာလန်းဖြာ၊ စန်းသဒ္ဒါဖြိုး၊ ချမ်းသာတိုးလျက်၊ ရွှေမိုးပဒေသာ၊ အောင်စေရာသား၊ အောင်ဆုကြားသည့်၊ **မြင့်မားစေတနာ တရားတည်း**။

☆ **မြင့်မားစေတနာ**၊ ယဉ်ရာသတင်း၊ နှစ်စဉ်ကျင်းပ၊ ပျိုးခင်းလှသည့်၊ ဆိုကရေးတီး၊ ပြိုင်ပွဲကြီးကို၊ ဝှဲချီးဆင်ယင်၊ အထင်ကရ၊ အနန္တငါးဖြာ၊ ဝန္ဒနာဖြင့်၊ စဉ်လာမပျက်၊ စဉ်ဆက်ပျံ့သင်း၊ မြိုင်တွင်းပန်းစုံ၊ ယဉ်ကျေးဂုဏ်ကို၊ ထွေးလုံ့တွက်စစ်၊ ဆယ့်ငါးနှစ်ရှင့်၊ အနှစ်များစွာ၊ ဂုဏ်သိက္ခာနှင့်၊ သမ္မာရှည်အောင်၊ ထိန်းသိမ်းဆောင်စို့၊ နှောင်လာရေးရှု၊ ယဉ်ကျေးမှုအမွေ၊ မြတ်နိုးစေသာ၊ ဆရာအသီးသီး၊ ချဉ်းကပ်ဆည်း၍၊ ထိပ်သီးခိုင်မာ၊ ပြိုင်ကြရာဝယ်၊ ထည်ဝါခံ့ညား၊ လုံ့လအားဖြင့်၊ ထင်ရှားရတနာ၊ လျှမ်းလျှမ်းသာလိမ့်၊ သမ္မာတရား၊ ဦးထိပ်ထားသော်၊ **မြင့်မားဝိရိယာတရားတည်း**။

☆ **မြင့်မားဝိရိယာ**၊ ဆင်ခြင်ရာဝယ်၊ သစ္စာလေးပါး၊ ရှစ်ပါးမဂ္ဂင်၊ ထင်,သိ,မြင်ရေး၊ ကောင်းစွာတွေးမိ၊ မှန်သိ,ကြံ,ပြော၊ မှန်သော အပြု၊ မွေးမှုအသက်၊ မှန်,ဆက်အားထုတ်၊ ဟုတ်မှန်,အောက်မေ့၊ စေ့စေ့,တည်ကြည်၊ သမာဓိ,မည်သော၊ သဘော,ကဝိ၊ မဏိဇောတ၊ မြန်မာ့ဂုဏ်ရှိန်၊ သိန်သရေစု၊ ယဉ်ကျေးမှုနှင့်၊ အနုစာပေ၊ "အမြုတေ" ကို၊ ရှိသေမြတ်နိုး၊ ထိပ်မှာမိုး၍၊ ကြိုးကုတ်မသွေ၊ အားထုတ်လေရာ၊ မေတ္တာစောင်းကြိုး၊ သွဲ့သွဲ့နှိုး၍၊ ပြည်,စိုး မြန်ခွင်၊ ထာဝစဉ်နှင့်၊ အရှင်လောကနတ်၊ စောင့်ကြပ်ပါစေ၊ မျှသာဝေသည်၊ ဒေသနာတရား၊ မှန်သည့်အားကြောင့်၊ **မြင့်မား သစ္စာတရားတည်း**။

မိခင် ရတနာဦး
(ယဉ်ကျေးမှုတက္ကသိုလ်-ရန်ကုန်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။	**မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "ဖူးစာရှင်မလေး"**
၁:၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁:၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၄:၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၀	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပုံရိပ်ပမာ" (အပိုင်း-၃၃)**
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နီလာလက်ကောက်" (အပိုင်း-၁)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

မျှော်လင့်လျက်ပါ အန်တီစု (သို့မဟုတ်) သားရွှေအိုးထမ်းသည်ကိုသာ မြင်လိုပါသည်(၂)

ကျွန်တော်တို့ ပြည်သူတွေက မျှော်လင့်ချက် ကုန်သလောက် ဖြစ်ခဲ့ပေမယ့် နိုင်ငံတော် အစိုးရကတော့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လက်လျှော့ခဲ့ပုံမရပါဘူး။ အန်တီစုကို တားဆီးကန့်သတ်ထားတဲ့ ကာလအတွင်း နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့အဖွဲ့က လေးကြိမ်နဲ့ ဝန်ကြီးများ ပါဝင်တဲ့အဖွဲ့က အကြိမ် ၂၀ တိုင်တိုင် အန်တီစုနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ ကျွန်တော်တို့ သိကြရပါတယ်။ အဲဒီအထဲမှာ ၂၉-၁-၂၀၀၂ ရက်နေ့က နိုင်ငံတော် အကြီးအကဲအနေနဲ့ အမှတ်(၁၄)၊ အင်းလျားလမ်း ဧည့်ရိပ်သာမှာ အန်တီစုနဲ့ NLD အဖွဲ့ဝင်တွေကို ညစာ စားပွဲနဲ့ တည်ခင်းဧည့်ခံတဲ့ တွေ့ဆုံမှုကတော့ ပိုမိုရင်းနှီး ပွင့်လင်းတဲ့ တွေ့ဆုံဆွေးနွေးမှုတွေအထိ ဦးတည်နိုင်ခဲ့တယ်လို့ သိရပါတယ်။ နိုင်ငံတော်ဘက်က စိတ်ရင်းစေတနာအမှန်နဲ့ အလေးအနက်ထားမှုကို ပြသခဲ့တာလို့ ဆိုရမှာပါ။ အဲဒီနောက်မှာတော့ အန်တီစုဘက်ကလည်း နောက်ထပ်ဆူပူမှုတွေ ဖြစ်အောင် မလုပ်တော့ပါဘူး။ ပြင်ပဆွေးနွေးပွဲတွေ မလုပ်တော့ပါဘူး။ အခန်းတွင်းဆွေးနွေးပွဲပဲ လုပ်ပါ့မယ်။ အခန်းတွင်း ဆွေးနွေးပွဲမှာလည်း လူ ၅၀ ထက် မပိုစေရပါဘူး စတဲ့ သဘောတူညီချက်တွေရခဲ့တယ်လို့ ကြားသိရပါတယ်။

အစိုးရရဲ့ ကမ်းလှမ်းမှုအပေါ် ပြည်ပမီဒီယာတွေက ဝိုင်းဝန်းထိုးနှက်မှုတွေကို အန်တီစု နားယောင်နေဖို့ မသင့်တော့ပါဘူး။ ဘာပဲဖြစ်ဖြစ် ငါမလျှော့ဘူးဆိုတဲ့ သဘောထားတွေကိုလည်း ပြန်စဉ်းစားသင့်ပါပြီ။ ခေါင်းမာတာဟာ ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူး။ တိုင်းပြည်အတွက် အကျိုးရှိမယ်ဆိုရင် ဘယ်သူနဲ့မဆို လက်တွဲဆောင်ရွက်ပါမယ်လို့ အန်တီစု ကြိမ်ဖန်များစွာ ပြောခဲ့တာတွေကို ကျွန်တော်တို့ နှစ်သက်သဘောကျ လက်ခံခဲ့ကြပါတယ်။ ဒီအချိန်မှာ ဒီသဘောတရားတွေအတိုင်းလက်တွေ့လုပ်ပြသင့်ပါပြီ။နှစ်ဦးနှစ်ဖက် သိက္ခာရှိတဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ အန်တီစုဘက်ကလည်း သင့်မြတ်လျော်ကန်တဲ့ စိုက်ထုတ်မှုတွေနဲ့ ပေးဆပ်ရပါလိမ့်မယ်လို့ ကျွန်တော် ရိုးရိုးသားသား ယုံကြည်မိပါတယ်။

ကျွန်တော်ဆက်ပြီးပြောပါဦးမယ်။

အန်တီစုကတော့ အမျိုးသားညီလာခံ ပျက်ပြားရေးသာမက ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေးနဲ့ အာဏာကို ဖြတ်လမ်းက ရယူရေးဆိုတဲ့ ဝါဒတွေကို ကိုင်စွဲပြီး အစိုးရကို ဆက်လက်ဆန့်ကျင်ခဲ့ပါတယ်။ အန်တီစုနေအိမ်ရှေ့မှာ အပတ်စဉ်ပြုလုပ်တဲ့ လူစုလူဝေးနဲ့ ဟောပြောမှုတွေမှာလည်း နိုင်ငံတော်အစိုးရကို ဝေဖန်ပုတ်ခတ်ပြောကြားမှုတွေ ဆက်တိုက်ပြုလုပ်လာခဲ့သလို နိုင်ငံတကာမှာ ပြုလုပ်တဲ့ အခမ်းအနားတွေကိုလည်း အစိုးရကို ဝေဖန်ဆန့်ကျင်တဲ့ မိန့်ခွန်းတွေ၊ သဝဏ်လွှာတွေ ဆက်တိုက် ပေးပို့ခဲ့တာကို ကျွန်တော်တို့ ကြားသိ တွေ့မြင်ခဲ့ရပါတယ်။ အဆိုးဆုံးကတော့ ၂၃-၆-၁၉၉၈ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ NLD ကြေညာချက် ၃၅(၈/၉၈)ပဲ ဖြစ်ပါတယ်။ ဩဂုတ်လ ၂၁ ရက် မတိုင်မီ ရက်ပေါင်း ၆၀ အတွင်း လွှတ်တော်ခေါ်ပေးရမယ်ဆိုပြီး စစ်မျက်နှာအသစ်တစ်ခု ထပ်ဖွင့်ခဲ့တာပါ။ လွှတ်တော်ခေါ်ယူရေး တောင်းဆိုချက်ကို တိုက်ပွဲအသွင် ဖော်ဆောင်ပြီး မိမိအစီအစဉ်ဖြင့် လွှတ်တော်ခေါ်ရန်၊ အဲဒီလွှတ်တော်ကို အစိုးရက တားဆီးလာပါက လွှတ်တော်ကို ကာကွယ်ရန်အတွက် လူထုအုံကြွမှုကြီး လှုံ့ဆော်ဖန်တီးရန်၊ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာပါက ကုလသမဂ္ဂနဲ့ နိုင်ငံတကာက ဝင်ရောက်စွက်ဖက်လာ စေရန်ဆိုတဲ့ နိုင်ငံရေး မဟာဗျူဟာကို ချမှတ်ပြီး ဆောင်ရွက်လာခဲ့ပါတယ်။ အင်မတန် အန္တရာယ်ကြီးတဲ့ မဟာဗျူဟာတွေ ဖြစ်တယ်လို့ သုံးသပ်မိပြီး တစ်ခုခု ဖြစ်လာတော့မယ်ဆိုတဲ့ အသိနဲ့ ကျွန်တော်တို့ပြည်သူတွေ ရင်မောခဲ့ရတာကိုတော့ အန်တီစု သိမယ်မထင်ပါဘူး။

ဒါ့အပြင် **လွှတ်တော်ခေါ်ပေးရေး စစ်မျက်နှာနဲ့တင်** မလုံလောက်နိုင်ဘူးလို့ အန်တီစု သုံးသပ်မိပြန်တယ် ထင်ပါရဲ့။ ၁၉၉၈ ခုနှစ် ဇူလိုင်လနဲ့ ဩဂုတ်လထဲမှာပဲ အစိုးရရဲ့ ကန့်သတ်ချက်ကို ဆန့်ကျင်ပြီး တမင်သက်သက် တိုက်ကြီးဘက်ထွက်လိုက်၊ ညောင်တုန်းဘက်လှည့်လိုက် လုပ်လာခဲ့ပါတယ်။ အဆိုးဆုံးကတော့ ရန်ကုန်-ညောင်တုန်း ကားလမ်းပေါ်က ထန်းတပင် အညာစုမှာ ယာဉ်တန်းရပ်ပြီး ရက်ရှည်ဆန္ဒပြမှုတွေ လုပ်ခဲ့တာပါပဲ။ အများပြည်သူ ခရီးသွားရာ လမ်းပေါ်မှာ ယာဉ်တန်းကြီးရပ်၊ ရွက်ဖျင်တဲတွေဆောက်၊ အိမ်သာကအစ စီစဉ်ပေးခဲ့ရတဲ့ အန်တီစုရဲ့ တစ်ကိုယ်တော် ဆန္ဒပြမှုကြီးကို ကျွန်တော်တို့ ကောင်းကောင်း မှတ်မိနေပါသေးတယ်။ နောက်ဆုံးတော့ ပြည်သူရဲ့ ဆူပူအုံကြွထောက်ခံမှုကိုလည်းမရ၊ လွှတ်တော်ခေါ်ပေးဖို့ တောင်းဆိုထားတဲ့ ဩဂုတ်လ ၂၁ ရက်ကလည်း ကျော်လာတော့မှ လက်လျှော့ပြီး ပါတီဝင်တွေရဲ့ဆန္ဒအရ အန်တီစု ကိုယ့်အိမ်ကို ပြန်ခဲ့ရပါတယ်။ အဲဒီလိုပဲ ရန်ကုန်ဘူတာကြီးမှာ ဖြစ်ခဲ့တာတွေကိုလည်း ကျွန်တော်တို့ မမေ့သေးပါဘူး။ ဒီလို ဥပဒေပြင်ပ ဆန့်ကျင်လုပ်ဆောင်မှုတွေ၊ ထိပ်တိုက်ရင်ဆိုင်မှုတွေ များနေတဲ့အတွက် အစိုးရက ၂၁-၉-၂၀၀၁ ရက်နေ့မှာ အန်တီစုကို နေအိမ်မှာပဲ ဒုတိယအကြိမ် တားဆီးကန့်သတ်မှု လုပ်ခဲ့ရပြန်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အစိုးရဘက်က အန်တီစုကို အမှန်တကယ် လိုအပ်လို့ ထိန်းသိမ်းခဲ့ရတယ်ဆိုတာ ကျွန်တော် လက်ခံနိုင်ခဲ့ပါပြီ။ ကျွန်တော်တို့ ပြည်သူတွေရဲ့ မရဲတရဲ မျှော်လင့်ချက်လေးကို အန်တီစုကိုယ်တိုင် ရိုက်ချိုးပစ်ခဲ့တာပါ။

ကျွန်တော်တို့ ပြည်သူတွေက မျှော်လင့်ချက် ကုန်သလောက် ဖြစ်ခဲ့ပေမယ့် နိုင်ငံတော်အစိုးရကတော့ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လက်လျှော့ခဲ့ပုံမရပါဘူး။ အန်တီစုကို တားဆီးကန့်သတ်ထားတဲ့ ကာလအတွင်း နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့အဖွဲ့က လေးကြိမ်နဲ့ ဝန်ကြီးများ ပါဝင်တဲ့အဖွဲ့က အကြိမ် ၂၀ တိုင်တိုင် အန်တီစုနဲ့ တွေ့ဆုံဆွေးနွေးခဲ့တယ်လို့ ကျွန်တော်တို့ သိကြရပါတယ်။ အဲဒီအထဲမှာ ၂၉-၁-၂၀၀၂ ရက်နေ့က နိုင်ငံတော်အကြီးအကဲ အနေနဲ့ အမှတ်(၁၄)၊ အင်းလျားလမ်း ဧည့်ရိပ်သာမှာ အန်တီစုနဲ့ NLD အဖွဲ့ဝင်တွေကို ညစာစားပွဲနဲ့ တည်ခင်းဧည့်ခံတဲ့ တွေ့ဆုံမှုကတော့ ပိုမိုရင်းနှီးပွင့်လင်းတဲ့ တွေ့ဆုံဆွေးနွေးမှုတွေအထိ ဦးတည်နိုင်ခဲ့တယ်လို့ သိရပါတယ်။ နိုင်ငံတော်ဘက်က စိတ်ရင်းစေတနာအမှန်နဲ့ အလေးအနက်ထားမှုကို ပြသခဲ့တာလို့ ဆိုရမှာပါ။ အဲဒီနောက်မှာတော့ အန်တီစုဘက်ကလည်း နောက်ထပ် ဆူပူမှုတွေ ဖြစ်အောင် မလုပ်တော့ပါဘူး။ ပြင်ပဆွေးနွေးပွဲတွေ မလုပ်တော့ပါဘူး။ အခန်းတွင်း ဆွေးနွေးပွဲပဲ လုပ်ပါ့မယ်။ အခန်းတွင်း ဆွေးနွေးပွဲမှာလည်း လူ ၅၀ ထက် မပိုစေရပါဘူး စတဲ့သဘောတူညီချက်တွေ ရခဲ့တယ်လို့ ကြားသိရပါတယ်။** ဒီလောက်တောင် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးမှုတွေ လုပ်နိုင်ခဲ့ပြီဆိုတော့ ပြေလည်မှုတစ်ခုရပြီး အန်တီစုရဲ့ ရပ်တည်ချက်တွေလည်း ပြောင်းလောက်ပြီလို့ ကျွန်တော်တို့ မျှော်လင့်ခဲ့မိပြန်ပါတယ်။ အစိုးရဘက်ကလည်း ဒီလိုပဲ ယုံကြည်မိဟန် တူပါရဲ့။ ဒါကြောင့်လည်း အထက်က သဘောတူညီချက်တွေနဲ့အညီ ၆-၅-၂၀၀၂ရက်နေ့မှာ တားဆီးမိန့်ကိုထပ်မံရုပ်သိမ်းပေးခဲ့တာလို့ ထင်ပါတယ်။ ဒါ့အပြင် ညှိနှိုင်းသဘောတူခဲ့ကြတဲ့အတိုင်း နိုင်ငံအတွင်း စည်းရုံးရေး ခရီးစဉ်တွေလည်း သွားလာခွင့်ပြုခဲ့ပါတယ်။ တာဝန်ရှိသူတွေနဲ့ ကြိုတင်ညှိနှိုင်းပြီး ခရီးစဉ် ရေးဆွဲတာတွေ၊ ပြန်လည်ဖွင့်လှစ်မယ့် မြို့နယ်ရုံးသတ်မှတ်တာတွေအထိ လက်တွဲလုပ်နိုင်လာခဲ့ပါတယ်။ ဒါဟာ အပြုသဘော တိုးတက်မှုပါ။ ဒီလမ်းကြောင်းအတိုင်း ဆက်လျှောက်သွားကြရင် ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးပန်းတိုင်က မဝေးလှဘူး ဆိုတာ ကျွန်တော်ယုံကြည်မိပါတယ်။

အစိုးရရဲ့ လိုက်လျောမှုနဲ့ အန်တီစုဟာ ၂၀၀၂ခုနှစ် ဇွန်လကနေ ၂၀၀၃ခုနှစ် ဧပြီလအထိ ကာလအတွင်း မန္တလေးတိုင်း၊ မကွေးတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ချင်းပြည်နယ် စုံအောင်ရောက်ခဲ့ပြီး

မြို့နယ်ပေါင်း ၉၅ မြို့နယ်မှာ
ရခဲ့ပါတယ်။ ဒါ့အပြင် ရောက်ရှိ
ဖွံ့ဖြိုးတိုးတက်နေမှုတွေကို လေ့
သူတွေကပါ တကယ့် VIP
ရှင်းလင်းတင်ပြမှုတွေ ဆောင်ရွ
တွေ့ကြရပါတယ်။ ဒါပေမယ့် အ
စဉ်တွေမှာသာ ကြိုတင်သဘောတူ
ရပ်တည်ဆောင်ရွက်ခဲ့ပြီး နောက်
အတိုင်းသာ ပြန်သွားဖို့ ကြိုးစား

အန်တီစုဟာ ချင်းပြည်နယ်
သွားတာတွေ၊ အခြေအနေကို မရှု
လူစုလူဝေးထဲမှာ နိုင်ငံတော်အစိုးရ
စကား ပြောလာတာတွေအထိ လုပ်
များ အမြစ်ရှင်သန်နေအောင် တိုက်ပွဲ
ဖီဆန်ရေးအယူအဆကို အန်တီစုပဲ
တကယ်တော့ အန်တီစုကိုယ်တိုင်
ညီညွတ်ရေးလမ်းကြောင်းပေါ်က
ဖီဆန်ရေး၊ ထိပ်တိုက်ဆန့်က
ကိုယ့်သဘောနဲ့ကိုယ် ပြန်တက်သ
အတိုင်း သုံးသပ်မိပါတယ်။

၆-၅-၂၀၀၃ရက်နေ့မှာ စ
ပြည်နယ်နဲ့ ရှမ်းပြည်နယ်ခရီးစဉ်
နောက်ပါတွေ၊ NLD ပါတီဝင်
ဆိုင်ကယ်တွေ တဝီဝီနဲ့ တကယ
စရိုက်ဆန်ဆန် လုပ်ခဲ့ကြတဲ့အပြင်
လုပ်ရပ်တွေကို လာကြည့်တဲ့သူတွေ
တို့ကို လက်မခံလို့ ကိုယ်ပိုင်သ
ထုတ်ဖော်ပြသသူတွေအပေါ် ရန်
လုပ်ခဲ့တဲ့အတွက် ပြည်သူလူထုန

"နိုင်ငံရေးလှုပ်ရှားမှုများ အမြစ်ရှင်သန်နေအောင် ... ရမယ်" ဆိုတဲ့ အာဏာဖီဆန်ရေး အယူအဆ... ဖော်ထုတ်လာခဲ့တာမဟုတ်လား။ တကယ်တော့ အန်... အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးလမ်းကြေ... နောက်ပြန်လှည့်ပြီး အာဏာဖီဆန်ရေး၊ ထိပ်တို... လမ်းကြောင်းပေါ်ကို ကိုယ့်သဘောနဲ့ကိုယ် ပြန်တ... ကျွန်တော် အရင်းအတိုင်း သုံးသပ်မိပါတယ်။

မဟုတ်)

သည်(၂)

ချမ်းမြဒေး

မြို့နယ်ပေါင်း ၉၅ မြို့နယ်မှာ ပါတီကိစ္စတွေ ဆောင်ရွက်ခွင့်ရခဲ့ပါတယ်။ ဒါ့အပြင် ရောက်ရှိတဲ့နေရာတိုင်းမှာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်နေမှုတွေကို လေ့လာခွင့်ရခဲ့ရုံမျှမက တာဝန်ရှိသူတွေကပါ တကယ့် VIP တစ်ယောက်လို အလေးထား ရှင်းလင်းတင်ပြမှုတွေ ဆောင်ရွက်ပေးခဲ့တာကို ကျွန်တော်တို့ တွေ့ကြရပါတယ်။ ဒါပေမယ့် အန်တီစုအနေနဲ့ အစောပိုင်းခရီးစဉ်တွေမှာသာ ကြိုတင်သဘောတူညီချက်အတိုင်း မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းမှာတော့ မူလလမ်းဟောင်းအတိုင်းသာ ပြန်သွားဖို့ ကြိုးစားခဲ့ဟန်တူပါတယ်။

အန်တီစုဟာ ချင်းပြည်နယ် ခရီးစဉ်ကစပြီး ညဘက် ခရီးသွားတာတွေ၊ အခြေအနေကို မရှုပ်ရှုပ်အောင် လုပ်တာတွေအပြင် လူစုလူဝေးထဲမှာ နိုင်ငံတော်အစိုးရကို ဝေဖန်ပုတ်ခတ်ဆန့်ကျင်တဲ့ စကား ပြောလာတာတွေအထိ လုပ်ခဲ့ပါတယ်။ **"နိုင်ငံရေးလှုပ်ရှားမှုများ အမြဲရှင်သန်နေအောင် တိုက်ပွဲဆင်နေရမယ်"ဆိုတဲ့ အာဏာဖီဆန်ရေးအယူအဆကို အန်တီစုပဲ ဖော်ထုတ်လာခဲ့တာမဟုတ်လား။ တကယ်တော့ အန်တီစုကိုယ်တိုင်ပဲ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလမ်းကြောင်းပေါ်ကနေ နောက်ပြန်လှည့်ပြီး အာဏာဖီဆန်ရေး၊ ထိပ်တိုက်ဆန့်ကျင်ရေး လမ်းကြောင်းပေါ်ကို ကိုယ့်သဘောနဲ့ကိုယ် ပြန်တက်သွားခဲ့တာလို့ ကျွန်တော် အရင်းအတိုင်း သုံးသပ်မိပါတယ်။**

၆-၅-၂၀၀၃ရက်နေ့မှာ စတင်တဲ့ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်ခရီးစဉ်တွေမှာ အန်တီစုရဲ့ နောက်လိုက်နောက်ပါတွေ၊ NLD ပါတီဝင်တွေဟာ လမ်းလုံးပြည့်ကားတွေ၊ ဆိုင်ကယ်တွေ တဝီဝီနဲ့ တကယ့်ကို စည်းမဲ့ ကမ်းမဲ့ မင်းမဲ့ စရိုက်ဆန်ဆန် လုပ်ခဲ့ကြတဲ့အပြင် အန်တီစုအဖွဲ့ရဲ့ ရုတ်ရုတ်သဲသဲ လုပ်ရပ်တွေကို လာကြည့်တဲ့သူတွေ၊ ဓာတ်ပုံရိုက်တဲ့သူတွေ၊ အန်တီစုတို့ကို လက်မခံလို့ ကိုယ်ပိုင်သဘောထားကို အေးအေးချမ်းချမ်း ထုတ်ဖော်ပြသသူတွေအပေါ် ရန်ရှာတာတွေ၊ စိန်ခေါ်တာတွေ လုပ်ခဲ့တဲ့အတွက် ပြည်သူလူထုနဲ့ ခိုက်ရန်ဖြစ်ပွားမှုတွေအထိ ကြီးထွားသွားခဲ့ရတယ် မဟုတ်လား။ နောက်ဆုံးတော့ အန်တီစုတို့အုပ်စုရဲ့ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူဆောင်ရွက်ချက်တွေကို ဘယ်လိုမှ သည်းမခံနိုင်တော့တဲ့ ဒေသခံပြည်သူတွေနဲ့ ၃၀-၅-၂၀၀၃ ရက်နေ့ ဒီပဲယင်းမှာ အန်တီစုအဖွဲ့အကြား ခိုက်ရန်ဖြစ်ပွားမှုတွေ ဖြစ်ခဲ့ရပါတယ်။ တကယ် စိတ်ပျက်ဝမ်းနည်းဖို့ကောင်းတဲ့ ဖြစ်ရပ်တွေပါပဲ။ ဒီလိုမဖြစ်ရအောင် နှစ်ဖက်ထိန်းသိမ်းသင့်တဲ့ ကိစ္စပါ။ ဘာပဲဖြစ်ဖြစ် ဒီလိုအခြေအနေတွေကြောင့် အန်တီစုကို ၃၀-၅-၂၀၀၃ရက်နေ့မှာ တတိယအကြိမ် နေအိမ်မှာ တားဆီးကန့်သတ်မှု လုပ်ခဲ့ရပြန်ပြီပေါ့။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်သာ နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းဆောင်ရွက်နေရတဲ့သူ ဆိုရင်လည်း ဒီလိုပဲ ဆုံးဖြတ်မိမယ်လို့ ထင်ပါတယ်။

တစ်ဖက်ကလည်း ဒီလိုထိန်းသိမ်းခံရအောင် အန်တီစုအနေနဲ့ တမင်သက်သက်ကို ရည်ရွယ်ပြီးလုပ်ခဲ့တာလို့ တချို့အုပ်စုတွေ အတွင်းမှာ ယူဆမှုတွေရှိနေတယ်လို့ ကြားရပါတယ်။ အန်တီစုကို အစိုးရက ဒီလို လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှား ဆောင်ရွက်ခွင့်ပြုထားတဲ့အတွက် နိုင်ငံတကာက အစိုးရအပေါ် အကောင်းမြင်လာပြီး NLD အပေါ် ထောက်ခံမှု အားနည်းသွားမှာ၊ ပိတ်ဆို့မှုတွေ ရုပ်သိမ်းသွားမှာကို အန်တီစုအနေနဲ့ ဘယ်လိုမှ လက်မခံနိုင်ခဲ့ဘူးလို့ မြင်ကြပါတယ်။ တစ်ဖက်ကလည်း လူထုထဲမှာ အချိန်ကြာလာတာနဲ့အမျှ အန်တီစုရဲ့ ဇာတိအမှန်ကို သိလာပြီး ပြည်သူ့ထောက်ခံမှု ကျဆင်းလာတဲ့အပေါ်မှာ စိုးရိမ်ပူပန်မှုတွေ တိုးလာခဲ့တယ်လို့ ဆိုကြပါတယ်။ ဒါကြောင့် ဒီလိုမျိုး ဆူဆူပူပူရုတ်ရုတ်သဲသဲတွေဖြစ်အောင် တမင်ဖန်တီးပြီး အစိုးရက အရေးမယူယူအောင် ဖန်တီးခဲ့တာသာဖြစ်တယ်။ ဒါမှ အစိုးရဟာ အန်တီစုကို တားဆီးကန့်သတ်နေတယ်၊ NLD ကို နှိပ်ကွပ်နေပါတယ်ဆိုပြီး နိုင်ငံတကာ အသိုင်းအဝိုင်းက အစိုးရအပေါ် ပြစ်တင်ရှုတ်ချမှုတွေ လုပ်လာမယ်ဆိုတဲ့ ရည်ရွယ်ချက်အခံရှိခဲ့တယ်လို့ သုံးသပ်ကြပါတယ်။ အဲဒီသုံးသပ်ချက်တွေ မှန်၊ မမှန်တော့ ကျွန်တော် မသိပါ။ ဒါပေမယ့် အစိုးရအနေနဲ့ အန်တီစုကို တမင်ထိန်းချင်လို့ ထိန်းရတာ မဟုတ်ဘဲ ထိန်းသင့်တဲ့ အခြေအနေရှိနေလို့သာ ထိန်းနေရတာလို့ ကျွန်တော်အပါအဝင် ပြည်သူအများစုက နားလည်လက်ခံလာခဲ့ကြပါတယ်။

အန်တီစုကို နောက်တစ်ကြိမ် တားဆီးမိန့် ရုပ်သိမ်းပေးပြန်ရင်လည်း အရင်အတိုင်းပဲ တပ်မတော် ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ လူထုဆူပူအုံကြွမှုတွေ ထပ်မံဖြစ်ပွားရေး၊ အာဏာဖီဆန်ရေးစတဲ့ ဓာတ်ပြားဟောင်းတွေပဲ ထပ်ဖွင့်လာဦး မှာလား။ ဒါတွေမလုပ်တော့ဘူးဆိုပါလျက်နဲ့ ဆက်ထိန်းထားရင်တော့ ထိန်းတဲ့သူ အလွန်ဖြစ်မှာပါ။ ဒါပေမယ့် ကျွန်တော် ကြားမိသလောက် အန်တီစုဟာ အထူးခေါင်းမာတဲ့ အမျိုးသမီးဆိုတာလည်း အပြင်က သုံးသပ်နေကြပါတယ်။ လူတိုင်းဟာ သူ့လောက်မတတ်၊ သူ့လောက်မသိ၊ သူပြောတာသာမှန်တယ်၊ ပြောတဲ့အတိုင်းလုပ်ကြရမယ်၊ မလုပ်ရင်ဘာဖြစ်မယ်၊ ညာဖြစ်မယ် ဆိုတာတွေလည်း အန်တီစုပါတီဝင်တွေရဲ့ တီးတိုးစကားတွေက တစ်ဆင့် အပြင်မှာ ပြန့်နေပါပြီ။ ဒါတွေ မှန်၊ မမှန်ဆိုတာ အန်တီစုလည်း ကိုယ့်ဘာသာကိုယ်သိမှာပါ။ ဒီလိုအခြေအနေတွေကြောင့် NLD မှာ ပါတီတွင်း ဒီမိုကရေစီမရှိဘူးလို့တောင် ဝေဖန်ခံခဲ့ရတယ် မဟုတ်လား။ ဒါတွေပြင်လိုက်မယ်ဆိုရင် အန်တီစုဟာ တန်ဖိုးရှိတဲ့ နိုင်ငံရေးခေါင်းဆောင်ဖြစ်လာမှာပါပဲ။

အခုလည်း အန်တီစုကို နေအိမ်မှာ ကန့်သတ်ထားတယ် ဆိုပေမယ့် လုံခြုံရေး၊ ကျန်းမာရေးကအစ ကြည့်ရှုစောင့်ရှောက်ကူညီထားတာ တွေ့ရပါတယ်။ အန်တီစုရဲ့ သားအိမ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှုတွေအထိ လိုအပ်ရင် လိုအပ်သလို နိုင်ငံတော်ပိုင်းက အလေးထား ပံ့ပိုးဆောင်ရွက်ပေးခဲ့တယ် မဟုတ်လား။ **တွေ့ဆုံဆွေးနွေးရေးနဲ့ ပတ်သက်လို့လည်း နိုင်ငံတော်ဘက်က အကြိမ်ကြိမ် လမ်းဖွင့်ပေးခဲ့တယ်ဆိုတာ အန်တီစု အသိဆုံးပါပဲ။ နိုင်ငံတော် အကြီးအကဲကိုယ်တိုင် အကြိမ်ကြိမ်တွေ့ဆုံခဲ့တာဟာ အခြေအနေကောင်းကို ဖန်တီးနိုင်ဖို့ လမ်းဖွင့်ပေးခဲ့တာတွေပါပဲ။ ဒါကို ကျွန်တော်တို့ နားလည်သလို အန်တီစုလည်း နားလည်ပေးစေချင်ပါတယ်။ ဒါ့အပြင် ၂၀၀၆ ခုနှစ် မေလမှာ ပထမအကြိမ် မစ္စတာဂမ်ဘာရီလာတုန်းကလည်း အန်တီစုအနေနဲ့ ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာကို နိုင်ငံတော်အကြီးအကဲဆီ စာရေးပါ၊ ဒီဘက်က စဉ်းစားဆောင်ရွက်ပေးပါ့မယ်လို့ မစ္စတာဂမ်ဘာရီက တစ်ဆင့်**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

တွေ့ဆုံ ဆွေးနွေးရေးနဲ့ ပတ်သက်လို့လည်း နိုင်ငံတော်ဘက်က အကြိမ်ကြိမ် လမ်းဖွင့်ပေးခဲ့တယ်ဆိုတာ အန်တီစု အသိဆုံးပါပဲ။ နိုင်ငံတော် အကြီးအကဲ ကိုယ်တိုင် အကြိမ်ကြိမ်တွေ့ဆုံခဲ့တာဟာ အခြေအနေကောင်းကို ဖန်တီးနိုင်ဖို့ လမ်းဖွင့်ပေးခဲ့တာတွေပါပဲ။ ဒါကို ကျွန်တော်တို့ နားလည်သလို အန်တီစုလည်း နားလည်ပေးစေချင်ပါတယ်။ ဒါ့အပြင် ၂၀၀၆ ခုနှစ် မေလမှာ ပထမအကြိမ် မစ္စတာဂမ်ဘာရီလာတုန်းကလည်း အန်တီစုအနေနဲ့ ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာကို နိုင်ငံတော် အကြီးအကဲဆီ စာရေးပါ၊ ဒီဘက်က စဉ်းစားဆောင်ရွက်ပေးပါ့မယ်လို့ မစ္စတာဂမ်ဘာရီက တစ်ဆင့် ကမ်းလှမ်းခဲ့ဖူး ကြောင်း ကြားသိခဲ့ရဖူးပါတယ်။ ဒါပေမယ့် ဘာမှထူးမလာဘူးဆိုတော့ ကမ်းလှမ်းချက်ကို မစ္စတာဂမ်ဘာရီကပဲ အန်တီစုကို မပြောဖြစ်လို့လား၊ ဒါမှမဟုတ် အန်တီစုဘက်ကပဲ ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့လို့လားဆိုတာ သဲသဲကွဲကွဲတော့ မသိရဘူးပေါ့။ တကယ်တော့ အန်တီစုအနေနဲ့ အစိုးရက ဒီလို အကြိမ်ကြိမ်လမ်းဖွင့်ပေး၊ လမ်းကြောင်းပေးခဲ့တာကို ကိုယ့်ဘက်က အကျိုးရှိအောင် မိမိရရ အသုံးချနိုင်ဖို့ လိုလိမ့်မယ်ထင်ပါတယ်။ အခုလည်း နောက်တစ်ကြိမ် လမ်းဖွင့်ပေးနေပြန်ပါပြီ။

အန်တီစုကို နောက်တစ်ကြိမ် တားဆီးမိန့် ရုပ်သိမ်းပေးပြန်ရင်လည်း အရင်အတိုင်းပဲ တပ်မတော် ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ လူထုဆူပူအုံကြွမှုတွေ ထပ်မံဖြစ်ပွားရေး၊ အာဏာဖီဆန်ရေးစတဲ့ ဓာတ်ပြားဟောင်းတွေပဲ ထပ်ဖွင့်လာဦး မှာလား။ ဒါတွေမလုပ်တော့ဘူး ဆိုပါလျက်နဲ့ ဆက်ထိန်းထားရင်တော့ ထိန်းတဲ့သူ အလွန်ဖြစ်မှာပါ။ ဒါပေမယ့် ကျွန်တော် ကြားမိသလောက် အန်တီစုဟာ အထူးခေါင်းမာတဲ့ အမျိုးသမီးဆိုတာလည်း အပြင်က သုံးသပ်နေကြပါတယ်။ လူတိုင်းဟာ သူ့လောက်မတတ်၊ သူ့လောက်မသိ၊ သူပြောတာသာမှန်တယ်၊ ပြောတဲ့ အတိုင်းလုပ်ကြရမယ်၊ မလုပ်ရင်ဘာဖြစ်မယ်၊ ညာဖြစ်မယ် ဆိုတာတွေ လည်း အန်တီစုပါတီဝင်တွေရဲ့ တီးတိုးစကားတွေကတစ်ဆင့် အပြင်မှာ ပြန့်နေပါပြီ။ ဒါတွေ မှန်၊ မမှန်ဆိုတာ အန်တီစုလည်း ကိုယ့်ဘာသာ ကိုယ်သိမှာပါ။ ဒီလိုအခြေအနေတွေကြောင့် NLD မှာ ပါတီတွင်း ဒီမိုကရေစီမရှိဘူးလို့တောင် ဝေဖန်ခံခဲ့ရတယ်မဟုတ်လား။

...မြဲရှင်သန်နေအောင် တိုက်ပွဲဆင်နေ ...န်ရေး အယူအဆကို အန်တီစုပဲ ...။ တကယ်တော့ အန်တီစုကိုယ်တိုင်ပဲ ...ညီညွတ်ရေးလမ်းကြောင်းပေါ်ကနေ ...ဆန်ရေး၊ ထိပ်တိုက်ဆန့်ကျင်ရေး ...ဘောနဲ့ကိုယ် ပြန်တက်သွားခဲ့တာလို့ ...သုံးသပ်မိပါတယ်။

၁၁-၁၀-၂၀၀၇ ရက်နေ့ကထွက်လာတဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ သဘောထားထုတ်ပြန်ချက်ဆိုတာကို အန်တီစုလည်း သိပြီးဖတ်ပြီးလောက်ပါပြီ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီကတောင် မြန်မာအစိုးရရဲ့ လူသိရှင်ကြား ဆုံးဖြတ်ချက်ဖြစ်တဲ့ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ရန်နဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆက်သွယ်ဆောင်ရွက်ရန်အတွက် ဆက်သွယ်ရေးအရာရှိတစ်ဦး ထားရှိခြင်းကို ကြိုဆိုကြောင်း အလေးထားဖော်ပြထားတာ တွေ့ရမှာဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီထဲမှာ မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေတွေ တိုးတက်ဖို့နဲ့ ငြိမ်းချမ်းစွာ အဖြေရှာနိုင်ဖို့အတွက်ဆိုရင် အစိုးရသာမက သက်ဆိုင်သူအားလုံးကပါ ပူးပေါင်းဆောင်ရွက်ဖို့ လိုလိမ့်မယ်။ အဲဒီလိုပဲ အစိုးရရော သက်ဆိုင်သူအားလုံးကပါ မစ္စတာဂမ်ဘာရီနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့လိုပါမယ်လို့ ဖော်ပြထားတယ် မဟုတ်လား။ အဲဒီထဲက သက်ဆိုင်သူဆိုတာ ဘယ်သူ့ကို ရည်ညွှန်းတယ်ထင်ပါသလဲ အန်တီစု။ ဒါကိုကြည့်ရင် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးအခြေအနေတွေ တိုးတက်ကောင်းမွန်လာဖို့ အစိုးရမှာချည်းပဲ တာဝန်ရှိတာမဟုတ်ဘူး။ အန်တီစုတို့ NLD တို့မှာလည်း တာဝန်ရှိတယ်ဆိုတာ ကုလသမဂ္ဂကိုယ်တိုင်က ပထမဆုံးအကြိမ် ပွင့်ပွင့်လင်းလင်း ထုတ်ပြောလာခြင်းပါပဲ။ အန်တီစု သဘောပေါက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ သဘောပေါက်တာနဲ့အညီ ချင့်ချိန်သုံးသပ် ဆုံးဖြတ်တုံ့ပြန်သင့်ပြီလို့ ကျွန်တော် ရိုးသားစွာယုံကြည်ပါတယ်။

❁ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ကမ်းလှမ်းခဲ့ဖူးကြောင်း ကြားသိခဲ့ရဖူးပါတယ်။ ဒါပေမယ့် ဘာမှထူးမလာဘူးဆိုတော့ ကမ်းလှမ်းချက်ကို မစ္စတာဂမ်ဘာရီကပဲ အန်တီစုကို မပြောဖြစ်လို့လား၊ ဒါမှမဟုတ် အန်တီစုဘက်ကပဲ ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့လို့လားဆိုတာ သဲသဲကွဲကွဲတော့ မသိရဘူးပေါ့။ တကယ်တော့ အန်တီစုအနေနဲ့ အစိုးရက ဒီလိုအကြိမ်ကြိမ်လမ်းဖွင့်ပေး၊ လမ်းကြောင်းပေးခဲ့တာကို ကိုယ့်ဘက်က အကျိုးရှိအောင် မိမိရရ အသုံးချနိုင်ဖို့ လိုလိမ့်မယ်ထင်ပါတယ်။ အခုလည်း နောက်တစ်ကြိမ် လမ်းဖွင့်ပေးနေပြန်ပါပြီ။

ဒီနေ့ အစိုးရက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဘာတွေလုပ်နေတယ်၊ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဘယ်လိုပုံဖော်နေတယ်၊ အမျိုးသားအကျိုးစီးပွားကို ဘယ်လိုရှေ့တန်းတင် ဆောင်ရွက်နေတယ်ဆိုတာ ကောင်းကောင်းကြီးသိနေလေတော့ သာမန်ပြည်သူတစ်ယောက်အနေနဲ့က အမှန်တရားဘက်ကပဲ ရပ်တည်ပေးရမှာပါ။ အစိုးရဘက်က ဘက်လိုက်ချင်လွန်းလို့မဟုတ်ပေမယ့် သူတို့ လုပ်ရပ်တွေက မှန်နေ၊ ကောင်းနေရင်တော့ ပကတိ အမှန်တရားကို မျက်ကွယ်ပြုပြီး ဘယ်လိုမှ ခြေကန်ငြင်းလို့ မရနိုင်ပါဘူး။ အန်တီစုလည်း ဒီသဘောတရားကို လက်ခံစေချင်ပါတယ်။

ဒီနေ့အစိုးရရဲ့ ကမ်းလှမ်းချက်ဟာ အပြုသဘောဆောင်ပြီး လိုလိုချင်ချင်ကို ဖွင့်ပေးခဲ့တာလို့ ကျွန်တော်တို့ ယုံကြည်သလို အန်တီစုလည်း ယုံကြည်သင့်ပါပြီ။ ဒီကမ်းလှမ်းချက်အပေါ် မြန်မာ့နိုင်ငံရေးသမိုင်းမှာ အရေးပါတဲ့ အပြောင်းအလဲဖြစ်ပေါ်ဖို့ အခွင့်အရေးတစ်ရပ်အဖြစ် ရှုမြင်သင့်ပါပြီ။ ကမ်းလှမ်းချက်ရဲ့ အနှစ်သာရပိုင်းဖြစ်တဲ့ တွေ့ဆုံရေး အခွင့်အလမ်းဟာ ဒီပိတ်ဆို့ရေး (၄)ချက် ကျွန်မလုပ်တာ မဟုတ်ပါဘူးဆိုတဲ့ အပေါ်ယံပိုင်းကိစ္စ ငြင်းခုံပယ်ချမှုတွေကြောင့် လမ်းစပျောက်သွားမှာကို စိုးရိမ်မိပါတယ်။ မြန်မာပြည်ကို ခရီးသွားတွေ မလာအောင်ကအစ စီးပွားရေးပိတ်ဆို့တာတွေအထိ အန်တီစု ထောက်ခံအားပေးခဲ့တယ်ဆိုတာ တည်ဆဲအစိုးရကရော၊ ပြည်သူကရော၊ တစ်ကမ္ဘာလုံးကပါ သိခဲ့ကြပြီးပါပြီ။ ဒီလိုစီးပွားရေး ပိတ်ဆို့မှုဟာ ကျွန်တော်တို့ ပြည်သူတွေအတွက်ရော၊ အစိုးရအတွက်နဲ့ အန်တီစုအတွက်ပါ မကောင်းဘူးဆိုတာကို လက်ခံသင့်ပြီလို့ ကျွန်တော်မြင်ပါတယ်။ မကောင်းမှန်း၊ မှားမှန်းသိရင် ကိုယ်တစ်သက်လုံး စွဲကိုင်ခဲ့တဲ့မူဝါဒဖြစ်ပါစေ စွန့်သင့်ရင် စွန့်ရမှာပါပဲ။ စွန့်ရဲတဲ့ သတ္တိရှိဖို့လည်း လိုအပ်မှာပါ။ စွန့်ရဲတဲ့ သတ္တိနဲ့အညီ စွန့်လွှတ်မှလည်း သူရဲကောင်းဖြစ်မှာပါ အန်တီစုရေ။

ဒီတော့ **အစိုးရရဲ့ ကမ်းလှမ်းမှုအပေါ် ပြည်ပမီဒီယာတွေက ဝိုင်းဝန်းထိုးနှက်မှုတွေကို အန်တီစု နားယောင်နေဖို့ မသင့်တော့ပါဘူး။ ဘာပဲဖြစ်ဖြစ် ငါမလျှော့ဘူးဆိုတဲ့ သဘောထားတွေကိုလည်း ပြန်စဉ်းစားသင့်ပါပြီ။ ခေါင်းမာတာဟာ ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူး။ တိုင်းပြည်အတွက် အကျိုးရှိမယ်ဆိုရင် ဘယ်သူနဲ့မဆို လက်တွဲဆောင်ရွက်ပါမယ်လို့ အန်တီစု ကြိမ်ဖန်များစွာ ပြောခဲ့တာတွေကို ကျွန်တော်တို့ နှစ်သက်သဘောကျ လက်ခံခဲ့ကြပါတယ်။ ဒီအချိန်မှာ ဒီသဘောတရားတွေအတိုင်း လက်တွေ့ လုပ်ပြသင့်ပါပြီ။ နှစ်ဦးနှစ်ဖက် သိက္ခာရှိတဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်ဖို့ အန်တီစုဘက်ကလည်း သင့်မြတ်လျော်ကန်တဲ့ စိုက်ထုတ်မှုတွေနဲ့ ပေးဆပ်ရပါလိမ့်မယ်လို့ ကျွန်တော် ရိုးရိုးသားသား ယုံကြည်မိပါတယ်။**

ဒီနေရာမှာ တစ်ခုပြောချင်တာက တွေ့ဆုံဆွေးနွေးရေး လုပ်တယ်၊ အပေးအယူလုပ်တယ် ဆိုတာက ပုထုဇဉ်ပီပီ ဘယ်သူမှ လုပ်ချင်တဲ့ကိစ္စ မဟုတ်ပါဘူး။ ကိုယ်ကချည်းပဲ အသာစီးလိုချင်တာ လူ့သဘာဝပါ။ လူ့သဘာဝကိုလွန်ဆန်ပြီး အလျှော့အတင်း ညှိယူရမှာဖြစ်တဲ့အတွက် သဘောထားမှန်ဖို့၊ သဘောထားကြီးဖို့ အထူးလိုအပ်ပါလိမ့်မယ်။ ကိုယ်ယုံကြည်တာတွေ၊ ခံယူတာတွေ၊ နားလည်ထားတာတွေ၊ တန်ဖိုးထားတာတွေကို စွန့်လွှတ်ပြီး တိုင်းပြည်အတွက်၊ တစ်နည်းအားဖြင့် ပိုပြီးတန်ဖိုးကြီးမား မြင့်မြတ်တဲ့ အကျိုးရလဒ်အတွက် ပေးဆပ်အလျှော့ပေးရတာမျိုးပါ။ တွေ့ဆုံဆွေးနွေးရေးရဲ့ အနှစ်က စွန့်လွှတ်ပေးဆပ်ပြီးမှ နှစ်ဖက်သဘောတူမှုကို ရယူခြင်းပါ။ စွန့်လွှတ် ပေးဆပ်မှု၊ အလျှော့ပေးမှု မပါဘဲနဲ့ ဘယ်တွေ့ဆုံဆွေးနွေးမှုမျိုးမှ မအောင်မြင်နိုင်ပါဘူး။ ထောင်မြင်လို့ ရာစွန့်တဲ့ သဘောကို အန်တီစု နားလည်စေချင်ပါတယ်။

ဒီလိုပဲ အပြန်အလှန် အပြစ်တင်နေတာထက် လျှော့သင့်တာတွေကိုလျှော့ပြီး အမှန်အတွက် ဘယ်လိုလက်တွဲကြမယ်ဆိုတာက လက်ငင်းအကျိုး ခံစားစေရမှာပါ။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရပြီးကတည်းက တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် အပြစ်တွေ တင်နေလိုက်ကြတာ ဆုံးကိုမဆုံးနိုင်တော့ပါဘူး။ အခုဒါတွေ တော်လောက်ပါပြီ။ အပြစ်မမြင်ဘဲ အချစ်ဝင်သင့်ပါပြီ။ နိုင်ငံရေးပြဿနာတွေကို အဖြေရှာနိုင်ဖို့ အစိုးရဘက်က တရားဝင် ကမ်းလှမ်းခဲ့ပြီးတဲ့ အခြေအနေမှာ အန်တီစုရဲ့ အဖြေဟာ ငြိမ်းချမ်းရေး၊ အောင်မြင်ရေးကို ဆောင်ကြဉ်းပေးနိုင်သလို ဆန့်ကျင်ဘက် ဆိုးကျိုးတွေဆီကိုလည်း ဦးတည်သွားနိုင်ပါတယ်။ အန်တီစု စဉ်းစားနိုင်ဖို့ပါ။ ကျွန်တော်ကတော့ အားလုံးအတွက်ကောင်းတဲ့၊ အကျိုးရှိတဲ့လမ်းကို ရွေးနိုင်ကြပါစေလို့ ဆုတောင်းလျက်ပါ။

ဒီနေရာမှာ **အစိုးရအနေနဲ့ နိုင်ငံတကာဖိအားကြောင့် ထွက်ပေါက်ရအောင် အန်တီစုကို ဒီလိုကမ်းလှမ်းပြီး အသုံးချနေတာပါလို့ မလိုတမာ သွေးထိုးစကားတွေ ကြားနေရပါသေးတယ်။ တစ်ဖက်စွန်းရောက် အယူအဆတွေ၊ အတွေးအခေါ်တွေ၊ အပြစ်တင်မှုတွေဟာ ဒီနေ့ဒီအချိန်မှာ အကျိုးမရှိတော့ဘူးလို့ ယူဆပါတယ်။ ၁၁-၁၀-၂၀၀၇ ရက်နေ့က ထွက်လာတဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ သဘောထားထုတ်ပြန်ချက်ဆိုတာကို အန်တီစုလည်း သိပြီးဖတ်ပြီးလောက်ပါပြီ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကတောင် မြန်မာအစိုးရရဲ့ လူသိရှင်ကြား ဆုံးဖြတ်ချက်ဖြစ်တဲ့ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်ရန်နဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆက်သွယ်ဆောင်ရွက်ရန်အတွက် ဆက်သွယ်ရေးအရာရှိတစ်ဦး ထားရှိခြင်းကို ကြိုဆိုကြောင်း အလေးထားဖော်ပြထားတာ တွေ့ရမှာ ဖြစ်ပါတယ်။**

ဒါ့အပြင် အဲဒီထဲမှာ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေတွေ တိုးတက်ဖို့နဲ့ ငြိမ်းချမ်းစွာ အဖြေရှာနိုင်ဖို့အတွက်ဆိုရင် အစိုးရသာမက သက်ဆိုင်သူအားလုံးကပါ ပူးပေါင်းဆောင်ရွက်ဖို့ လိုလိမ့်မယ်။ အဲဒီလိုပဲ အစိုးရရော သက်ဆိုင်သူအားလုံးကပါ မစ္စတာဂမ်ဘာရီနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့လိုပါမယ်လို့ ဖော်ပြထားတယ် မဟုတ်လား။ အဲဒီထဲက သက်ဆိုင်သူဆိုတာ ဘယ်သူ့ကို ရည်ညွှန်းတယ်ထင်ပါသလဲ အန်တီစု။ ဒါကိုကြည့်ရင် ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံရေးအခြေအနေတွေ တိုးတက်ကောင်းမွန်လာဖို့ အစိုးရမှာချည်းပဲ တာဝန်ရှိတာမဟုတ်ဘူး။ အန်တီစုတို့ NLDတို့မှာလည်း တာဝန်ရှိတယ်ဆိုတာ ကုလသမဂ္ဂကိုယ်တိုင်က ပထမဆုံး အကြိမ် ပွင့်ပွင့်လင်းလင်း ထုတ်ပြောလာခြင်းပါပဲ။အန်တီစုသဘောပေါက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ သဘောပေါက်တာနဲ့အညီ ချင့်ချိန်သုံးသပ် ဆုံးဖြတ်တုံ့ပြန်သင့်ပြီလို့ ကျွန်တော် ရိုးသားစွာ ယုံကြည်ပါတယ်။

အန်တီစုရေ ...ကျွန်တော်ပြောခဲ့တာတွေလည်း တော်တော်လေး စုံသွားခဲ့ပါပြီ ဘာပဲဖြစ်ဖြစ် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး၊ အန်တီစု အကျိုး၊ အစိုးရအကျိုးအတွက် မျှမျှတတ ကျွန်တော်ပြောခဲ့တာလို့ပဲ ကျွန်တော့်လိပ်ပြာ ကျွန်တော်ယုံပါတယ်။ ဒါကြောင့် သာမန်ပြည်သူ တစ်ယောက်ရဲ့ စေတနာမှန်နဲ့ ရင်တွင်းစကားလို့ လက်ခံပေးစေချင်ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေကတော့ သားရွှေအိုးထမ်းတဲ့ကိန်း မြင်ချင်တာပါပဲ။ ဒီလိုမြင်ခွင့်ရဖို့က အန်တီစုဘက်ကလည်း အခရာကျလှပါတယ်လို့ ဆိုပါရစေ။

သုဝဏ္ဏသာမဇာတ်တော်မှာ ဇာတ်ကောင်အားလုံးရဲ့ စကားသစ္စာမှန်ခဲ့တာကြောင့် မိဘနှစ်ပါးလည်း မျက်စိနှစ်ကွင်း အလင်းရ၊ သုဝဏ္ဏသာမ ဘုရားအလောင်းလည်း မြားဆိပ်ပြယ်၊ ရွှေစင်ပြည့်အိုးကိုလည်း ထမ်းယူလာနိုင်၊ နတ်ဗြဟ္မာများလည်း ကြည်နူးနှစ်သိမ့်သာခုခေါ်ကြတဲ့ ဇာတ်သိမ်းလေးက မြန်မာမှုနယ်ပယ်မှာ အင်မတန်ကျက်သရေမင်္ဂလာရှိပြီး ဝမ်းမြောက်ကြည်နူးဖွယ်ကောင်းတဲ့ မြင်ကွင်းလေးပါ။ သင်ခန်းစာယူဖို့၊ အတုယူဖို့လည်း အင်မတန် ကောင်းလှပါတယ်။ အခု ကျွန်တော်တို့ရဲ့ နိုင်ငံရေးပြဿနာတွေကို အဖြေရှာရာမှာလည်း ကျွန်တော်တို့ ဒီဇာတ်သိမ်းမျိုးလေးပဲ မြင်ပါရစေ။ ကျက်သရေမင်္ဂလာပြည့်ဝပြီး ဝမ်းမြောက်ကြည်နူးပီတိဖြစ်ခွင့် ပိုင်ပါရစေ။ နိုင်ငံနဲ့ ပြည်သူလည်း အကျိုးရှိ၊ တည်ဆဲအစိုးရလည်း ဝမ်းသာ၊ အန်တီစုနဲ့ NLD လည်းအဆင်ပြေ၊ အာဆီယံနဲ့ အိမ်နီးချင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့မိသားစုနိုင်ငံများနဲ့ ကမ္ဘာ့ကုလသမဂ္ဂကပါ နှစ်ခြိုက်ကြည်နူးကြရမယ့် အဲဒီသုဝဏ္ဏသာမဇာတ်တော်ရလဒ်မျိုးကို အသေအချာ ဆောင်ကြဉ်းပေးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်မျှော်လင့်ထားပါတယ်။ အန်တီစုရဲ့ အပြုသဘော ခြေလှမ်းတွေကို ကျွန်တော်တို့ ပြည်သူတွေ မြင်လိုလှပါပြီ။

မိမိပုဂ္ဂိုလ်ရေးအကျိုးနဲ့ ပါတီအကျိုးယှဉ်လာရင် ပါတီအကျိုးကို ဦးစားပေးရသလို ပါတီအကျိုးနဲ့ နိုင်ငံအကျိုး ယှဉ်လာရင်လည်း နိုင်ငံအကျိုးကိုပဲ ဦးစားပေးရမှာပါ။ ဒါတွေ အန်တီစု နားလည်ပြီးသားမို့ မိကျောင်းမင်း ရေခင်းပြတယ်လို့လည်း မထင်စေချင်ပါဘူး။ ကျွန်တော်တို့ပြည်သူတွေကတော့ ရှေ့မတိုး နောက်မဆုတ် အခြေအနေကနေလွတ်မြောက်ပြီး အောင်အောင်မြင်မြင် ရှေ့ခရီးဆက်နိုင်မယ့်အချိန်ကို အမှန်တကယ် မျှော်လင့်နေတာပါ။ အန်တီစုရဲ့ အပြုသဘောဆောင်တဲ့ခြေလှမ်းသစ်တွေအမြန်ဆုံး စတင်နိုင်ပါစေ။ ။

(21-10)10.P65 1 1/1/32, 4:25 AM

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော်　　အောက်တိုဘာ　　၂၀

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် ကချင်ပြည်နယ် တနိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်၊ မြောင်မြို့နယ်၊ တမူးမြို့နယ်၊ ပဲခူးတိုင်း တောင်ငူမြို့၊ ဒိုက်ဦးမြို့နှင့် သနပ်ပင်မြို့တို့မှ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၄ ရက်၊ ၁၆ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

ကချင်ပြည်နယ်တနိုင်းမြို့နယ်ပြည်သူ့ ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ တနိုင်းမြို့ အတွင်းရှိ မြို့ပေါ်ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စု တစ်အုပ်စုတို့မှ

ပြည်သူအင်အား ၁၁၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၄ ရက် နံနက် ၇နာရီတွင် တနိုင်းမြို့ မြို့ကွက်သစ်မှ တနိုင်း–မြစ်ကြီးနား–ပန်ဆောင်လမ်းမကြီး အရှေ့ဘက်အတိုင်း ထွက်ခွာလာပြီး တနိုင်းတံတားကိုဖြတ်၍ ၎င်းမှတနိုင်းမြို့ စည်ပင်သာယာဈေးအနီးရှိ တနိုင်း–မိုင်းခွန်ကျေးရွာသွား ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း မြောက်ဘက်သို့လည်းကောင်း၊ ၎င်းမှ ပန်ဆောင်လမ်းမကြီးအတိုင်း အရှေ့ဘက်အတိုင်း ဆက်၍ မြို့နယ်အခြေခံပညာ အထက်တန်းကျောင်းထိပ် အရောက်တွင် မြောက်ဘက် ကင်ဆားရာရပ်ကွက် အတွင်းရှိ တပင်ရွှေထီးလမ်းမှ မြို့နယ်ပြည်သူ့အားကစားကွင်းအထိလှည့်လည်၍ ဆူပူအကြမ်းဖက်သမားများအား အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပအဖျက်သမားများ အလိုမရှိ၊ ပြည်ပအားကိုးပုဆိန်ရိုးများ အလိုမရှိ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်ရမည် စသည့်ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး နိုင်ငံတော်အလံ ၁၄ လက်ကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ အေးချမ်းမှုကို မဖျက်ဆီးပါနှင့်၊ သူ့ကျွန်မခံပါ၊ တိုးတက်မှုကိုမဖျက်ဆီးပါနှင့် ကိုလိုနီလက်သစ်ဝါဒ ဒို့လက်မခံ၊ အမေကျော် ဒွေးဘော် မလွှမ်းပါနှင့်၊ ပြည်ပအားကိုး ပုဆိန်ရိုးများအလိုမရှိ၊ မိုးလုံးပြည့်မုသာဝါဒီ RFA၊ VOA၊ BBC အဖျက်သမားများ သတိထား၊ RFA၊ VOA၊ BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံးသတိထား၊ မိုးလုံးပြည့်မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်။ BBC ညာနေသည်။ VOA လိမ်နေသည်။ RFA ရန်တိုက်ပေးနေသည်။ အဲဒီဝေသာလီ ပုဏ္ဏားများ မယုံလေနဲ့ သတိထား၊ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကြောင့် ကုန်ဈေးနှုန်း ကြီးရသည်။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး တနိုင်းမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး တန့်ဆည်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။(သတင်းစဉ်)

အဆိုးမြင်ဝါဒီ ဒို့လက်မခံ၊ တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊ တိုးတက်ရေးကိုဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊ NLD အလိုမရှိစသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အပြင် စစ်ကိုင်းတိုင်း တန့်ဆည်မြို့ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ တန့်ဆည်မြို့ပေါ် နှစ်ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၄၅အုပ်စုတို့မှပြည်သူအင်အား ၂၄၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၆ရက် နံနက် ၇နာရီခွဲတွင် တန့်ဆည်မြို့ အားကစားကွင်းမှ ဗိုလ်ချုပ်လမ်းတစ်လျှောက်၊ ၎င်းမှ တန့်ဆည်မြို့ စည်ပင်သာယာဈေး အရှေ့ဘက်မှ တစ်ဆင့်မဟာဗန္ဓုလလမ်းတစ်လျှောက် ချီတက်လာကြပြီး စုရပ်ဖြစ်သည့် ကျွဲဆွဲကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ လှည့်လည်ပြီး ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံများကိုကိုင်ဆောင်ကာ တည်ငြိမ်အေးချမ်းရေးကိုလိုလားသည်၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း၊ပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ၊ လေလှိုင်းကြားက လူသတ်သမားများ VOA၊ BBC၊ RFA၊ DVB နိုင်ငံခြားအသံလွှင့်ဌာနများ ဒို့လက်မခံ စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်း မြောင်မြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ မြောင်မြို့နယ် မြို့မရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၂အုပ်စုတို့မှ ပြည်သူအင်အား ၁၄၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၆ရက် နံနက် ၇နာရီ ၁၀မိနစ်တွင် မြောင်သီရိပြည်သူ့အားကစားကွင်းမှ စတင်ထွက်ခွာပြီး မြောင်မြို့တွင်းသို့ လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အလိုမရှိ စသည့်ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံများ ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူမှုကိုမလိုလား၊ ဆူပူအကြမ်းဖက်မှုအန္တရာယ် ဒို့ကာကွယ်၊ပြည်တွင်း၊ ပြည်ပအဖျက်သမားများရန်ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်၊ ရှေ့လုပ်ငန်းစဉ် (၇)ရပ်အောင်ရမည်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုထောက်ခံသည် စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း တမူးမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲသို့ တမူးမြို့ပေါ် ရပ်ကွက် လေးခု၊ ခမ်းပါတ်မြို့နယ်မှ ရပ်ကွက် ငါးရပ်ကွက်၊ မြို့သစ်မြို့နယ်မှ ရပ်ကွက် သုံးရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု ၁၈ အုပ်စု၊ ကျေးရွာပေါင်း ၄၅ ရွာတို့မှ ပြည်သူအင်အား ၂၅၀၀၀ ခန့်သည် အောက်တိုဘာ ၁၇ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အလိုမရှိ၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိစသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ဆူပူအကြမ်းဖက်မှုအန္တရာယ် ဒို့ကာကွယ်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ ရှေ့လုပ်ငန်းစဉ် (၇)ရပ်အောင်ရမည်၊ BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်နေသည် စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အပြင် ပဲခူးတိုင်း တောင်ငူမြို့ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ တောင်ငူမြို့ မြို့ပေါ်ရပ်ကွက် ၂၃အုပ်စုနှင့် ကျေးရွာအုပ်စု ၁၉ အုပ်စုတို့မှ ပြည်သူအင်အား ၂၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၈ ရက် နံနက် ၇နာရီတွင် တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် ဆေးရုံဟောင်းလမ်းမပေါ်တွင် စုရုံး၍ ဗိုလ်မှူးဖိုးကွန်းလမ်းအတိုင်း ထွက်ခွာပြီး ၎င်းမှ ဓာတုကလျာလမ်း၊ ၎င်းမှ ဈေးလမ်း၊ ၎င်းမှ ဆေးရုံဟောင်းလမ်းသို့ လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်ရမည် စသည့်ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်း၊ ပြည်ပအဖျက်သမားရန် ဒို့တွန်းလှန်၊ ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ BBC လိမ်နေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁သို့ ⇨

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မြောင်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့်ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး တောင်ငူမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

အင်းလေးဖောင်တော်ဦး ရင်ငွေ့လှုံ ဗုဒ္ဓရုပ်ပွားတော်နှင့် ရှေးဟောင်းရုပ်ပွားတော်များပူဇော်ပွဲ၊ ပဝါရဏာပွဲ ကျင်းပမည်

ရန်ကုန်　အောက်တိုဘာ　၂၀

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းလေးဖောင်တော်ဦးရင်ငွေ့လှုံ ရုပ်ပွားတော်နှင့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များအား စံကျောင်းထွက်ပင့်ဆောင်ပူဇော်ပွဲနှင့် တတိယအကြိမ်မြောက် ပဝါရဏာပြုပွဲကို ၁၃၆၉ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (၂၆-၁၀-၂၀၀၇) သောကြာနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်နှင့် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝံတောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

မင်္ဂလာဒုံမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ် ကျောင်းတိုက်အသီးသီးမှ (ရွှေကျင်) သံဃာတော်အပါး ၁၂၀၊ သံဃပဝါရဏာပြုပွဲတွင် ပဝါရဏာသိမ်ဆင်းလောင်းလှူလိုသူများ ရွှေမင်းဝံ တောရကမ္မဋ္ဌာန်းကျောင်းတိုက် သာသနာ့နုဂ္ဂဟအကျိုးဆောင်အဖွဲ့ ဖုန်း-၆၃၈၀၈၇၊ ၆၉၉၁၆၃၊ ၀၉-၅၀၁၁၂၇၉ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် တရားအားထုတ်လိုသူများ ၁၃ရက် ညနေ ၄နာရီအရောက်လာရောက်ကြပါရန် ဂေါပကအဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ (သတင်းစဉ်)

⇨ စာမျက်နှာ ၁၁ မှ

အလားတူ ပဲခူးတိုင်း ဒိုက်ဦးမြို့ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ဒိုက်ဦးမြို့မှ ပြည်သူအင်အား ၂၆၀၀၀ ကျော်တို့သည် အောက်တိုဘာ ၁၈ရက် နံနက် ၇ နာရီတွင် ဒိုက်ဦးမြို့ ပြည်သူ့အားကစားကွင်းမှ မဟာဗန္ဓုလလမ်း၊ မင်းလမ်း၊ ဒရယ်ဗီလမ်း၊ ၎င်းမှ ရန်ကုန်-မန္တလေး လမ်းမကြီးအတိုင်း ဆက်လက်ချီတက်၍ မြို့ဝင်လမ်းအတိုင်း လှည့်လည်ပြီး ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံများကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ သူ့ကျွန်မခံပါ၊ အမျိုးသားညီလာခံကို ထောက်ခံပါသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဆန္ဒဖော်ထုတ်

ပဲခူးတိုင်း သနပ်ပင်မြို့ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ သနပ်ပင်မြို့မှ ပြည်သူအင်အား ၃၅၀၀၀ ခန့်တို့သည် အောက်တိုဘာ ၁၈ ရက် နံနက် ၇နာရီတွင် သနပ်ပင်မြို့ ပြည်သူ့အားကစားကွင်းမှ ဘူတာပိုင်းရပ်ကွက် အားကစားရုံအတိုင်း စတင်ထွက်ခွာပြီး မြို့ပတ်လမ်းအတိုင်း၊ ၎င်းမှ ဘုရားကြီးပိုင်းရပ်ကွက်၊ ဒက္ခိဏသာခါလမ်း၊ ၎င်းမှ ဈေးပိုင်းရပ်ကွက်၊ နဝရတ်ကိုးသွယ်လမ်း၊ ၎င်းမှ ဆည်မြောင်းလမ်းဆုံ၊ အောက်စုပိုင်းရပ်ကွက် မြို့အဝင်လမ်း၊ ၎င်းမှ ဈေးပိုင်းရပ်ကွက် ဇမ္ဗူရာဇ်လမ်း၊ ၎င်းမှ မြို့မဈေးလမ်းဆုံ၊ ၎င်းမှ ပဲခူးစစ်တောင်းတူးမြောင်း ဖြတ်မျောဖောင် တံတားပေါ်မှတစ်ဆင့် ဘူတာပိုင်းနှင့် စက်ကုန်းပိုင်းရပ်ကွက် လမ်းမတော်လမ်းအတိုင်း၊ ၎င်းမှ မြို့မအားကစားကွင်းသို့ လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါး၊ မူဝါဒလမ်းစဉ် (၇)ရပ်အောင်ရမည်၊ ဘာသာသာသနာကို ခုတုံးမလုပ်ပါနဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အလိုမရှိ၊ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်ကြ စသည့်ကြွေးကြော်သံများကို သံပြိုင်ညီညာကြွေးကြော်ကြပြီး ဆူပူအကြမ်းဖက်သူ ဒို့ရန်သူ၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ အေးချမ်းမှုကို မဖျက်ဆီးပါနှင့်၊ ဖွံ့ဖြိုးမှုကို မဖျက်ဆီးပါနှင့်၊ သူ့ကျွန်မခံပါ၊ မိုးလုံးပြည့် မုသာဝါဒီ VOA နှင့် BBC၊ ပြည်ပဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်ကြ၊ လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံးသတိထား၊ BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည် စသည့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သနပ်ပင်

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့်ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး သနပ်ပင်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ဒိုက်ဦး

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုး လှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဒိုက်ဦးမြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် မဟာဘုံကထိန်

ရန်ကုန်　အောက်တိုဘာ ၂၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ်နတ်မောက်လမ်း အမှတ် (၈၂)ရှိ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၌ နှစ်စဉ်ကျင်းပသော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ (၄၅)ကြိမ်မြောက် ခန္ဓာဝန်ချတော်မူသည့် အထိမ်းအမှတ် ဉာဏ်တော်ပူဇော်ပွဲနှင့် မိုးကုတ်ဝိပဿနာ ယောဂီအလှူရှင်များ၏ စုပေါင်း မဟာဘုံကထိန်ပွဲတော်ကို ၁၃၆၉ခု သီတင်းကျွတ်လပြည့်ကျော် ၄ရက် (အောက်တိုဘာ ၃၀) အင်္ဂါနေ့တွင် ရန်ကုန်တိုင်း သံဃနာယက ဆရာတော်ကြီးများနှင့် အဖွဲ့နာယက၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးများအား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝိဋကတ်တိုက်၌ ကျင်းပမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မဟာဝိဇယစေတီတော်ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲတော်ကျင်းပမည်

ရန်ကုန်　အောက်တိုဘာ ၂၀

မဟာဝိဇယစေတီတော်မြတ်ကြီး၏ (၁၅)ကြိမ်မြောက် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်(အောက်တိုဘာ ၂၅ ရက်)မှ သီတင်းကျွတ်လပြည့်ကျော် ၁ရက်(အောက်တိုဘာ ၂၇ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့) အောက်တိုဘာ၂၆ရက် နံနက်၅နာရီတွင် သစ်သီးမျိုးစုံ၊ မုန့်မျိုးစုံတို့ဖြင့် စေတီတော်ကြီးကို ဆွမ်းတော်ကြီး ဆက်ကပ်ပူဇော်မည်ဖြစ်သည်။

သီတင်းကျွတ်လဆန်း ၁၄ ရက်၊ (အောက်တိုဘာ၂၅ရက်)မှ လပြည့်ကျော် ၁ရက် (အောက်တိုဘာ ၂၇ ရက်)ထိ သုံးရက်တိုင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဝတ်အသင်းအဖွဲ့များက ပရိတ်တရားတော်များ ရွတ်ဖတ်၍ စေတီတော်မြတ်ကြီးကို ပူဇော်ခြင်း၊ ညနေ ၆ နာရီမှစ၍ သုံးညတိုင် စေတီတော်မြတ်ကြီးကို ညစဉ်ဆီမီး ၅၀၀၀ ထွန်းညှိ၍ ဆီမီးပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ထီးရိုးမဟာစည်အလှူငွေပေးအပ်

ရန်ကုန်　အောက်တိုဘာ ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး မဟာစည်သာသနာ့ရိပ်သာအတွင်း၌ ဘဒ္ဒန္တဝိစာရိန္ဒ (မဟာစည်နာယက) သာယာကုန်းဆရာတော် ဦးဆောင်တည်ဆောက်လျက်ရှိသော အဓိဋ္ဌာန်ကျောင်းတော်အတွက် ဩစတြေးလျနိုင်ငံမှ ဦးဇော်သန်း၊ ဒေါ်အေးမူဦးစီးသော မြန်မာအလှူရှင်များက အလှူငွေ ကျပ်သိန်း ၅၀ နှင့် ဦးမြသောင်း၊ ဒေါ်ရီရီမိသားစု(စက်တွင်းလမ်း အလုံမြို့နယ် ရန်ကုန်)က အလှူငွေ ကျပ်ခြောက်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ရွှေတိဂုံပုံတူ စေတီနှင့် မဟာစည်သိမ်ကျောင်းတော် တည်ဆောက်ရန်အတွက် ဦးကျော်သက်၊ ဒေါ်တင်တင်မြ မိသားစု (ကြည့်မြင်တိုင်)က ငွေကျပ်နှစ်သိန်း၊ ဒေါ်ကြင်သန်း မိသားစု (တာမွေ၊ မက္ကန္ဒဝတီတေဇစက္ကီရိပ်သာ) နှင့် ကိုအောင်မျိုးသိန်း (ရန်ကုန်)တို့က ငွေကျပ် တစ်သိန်းစီ ပေးအပ်လှူဒါန်းသည်။ (က-ပ)

အထက(၂)ဗိုလ်တထောင် မြတ်ဆရာ ပူဇော်မည်

ရန်ကုန်　အောက်တိုဘာ ၂၀

အထက(၂) ဗိုလ်တထောင် (St.Philip)၌ (၁၉၄၅ မှ ၂၀၀၇)ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာ ပူဇော်ပွဲကို ဒီဇင်ဘာလ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

တာဝန် ထမ်းဆောင်ခဲ့ဖူးသည့် အသက် ၆၀ ပြည့် ဆရာ၊ ဆရာမကြီးများအနေဖြင့် ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်ခင်အေးမူ ဖုန်း-၅၅၈၁၄၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်း ဖုန်း-၂၉၁၅၂၃၊ ဆရာမ ဒေါ်ခင်သိန်းရီ ဖုန်း-၅၁၀၅၉၈ တို့သို့ ဆက်သွယ် အကြောင်းကြားပါရန်နှင့် ကျောင်းသားဟောင်းများအနေဖြင့် ဦးမြင့်စော(Denys) ဖုန်း-၀၉၅၁-၆၉၁၀၃၊ ဦးမျိုးမြင့် ဖုန်း-၀၉၅၁-၃၂၇၇၇၊ ဦးအောင်ချိုဦး ဖုန်း-၀၉၅၁-၄၈၃၄၉၊ ဦးမောင်မောင်စိုး ဖုန်း-၀၉၅၁-၇၅၀၀၉၊ ဦးသီဟန် ဖုန်း-၀၉၅၀-၁၆၅၃၁၊ ဒေါ်သီသီလွင် ဖုန်း-၀၉၅၁-၅၈၁၅၉၊ ဒေါ်မိမိမောင် ဖုန်း-၀၉၅၁-၃၀၉၂၀၊ ဒေါ်ခင်မေဝင်း(မနော်ဟရီ) ဖုန်း-၀၉၅၁ -၉၁၆၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

ပြည်မြို့၊ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်မြို့၊ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၉ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၈)ရက်၊ (နိုဝင်ဘာလ ၁၇ရက်) မှ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (နိုဝင်ဘာ ၂၆ရက်)အထိ (၁၀၈)နှစ်ပြည့် ခေတ္တရာမြတ်စွယ်တော် အပူဇော်ခံပွဲနှင့် ပူးတွဲကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်ဆိုင်ထွက်လိုသူ မိတ်ဟောင်းများသည် ယမန်နှစ်ဖြတ်ပိုင်းနှင့် သတ်မှတ်သည့် ဆိုင်ခန်းခငွေများကို သီတင်းကျွတ်လပြည့်ကျော် ၁၅ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် မိတ်သစ်များအား တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှစ၍ နေရာ ချထားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဂေါပကအဖွဲ့၊ ပြည်မြို့

သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၀

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်းသုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် လာရောက်လှူဒါန်းကြရာ မေတ္တာညွန့်ရပ်ကွက် ဇေယျာသုခလမ်း ဦးစန်းမြင့် - ဒေါ်အေးရီ မိသားစုက ငွေကျပ်သုံးသိန်း **(အောက်ပုံ)**၊ ဓာတိဂုဏ်လမ်းမှ ဦးရွှေသီး- ဒေါ်မိုးမိုးဆွေ မိသားစုက အလှူငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြသည်။ အလားတူ လှူဒါန်းလိုသူများ ဖုန်း-၅၄၅၈၃၇ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတိုက်၌ သမထဝိပဿနာကျင့်စဉ်တရား ဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၂၀

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသဘုရားဖြစ်တော်မူရာ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ မြန်မာကျောင်း၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အိန္ဒိယနိုင်ငံ ပရဒေသီ သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်ကြီး၏ ပဓာန နာယက ဆရာတော်နှင့် နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (သဒ္ဓမ္မဇောတိကဓဇ) ဆရာတော်များ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းထောင့်၊ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓဂယာသာသနာ့ဗိမာန်တော်ကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိုင်ငံကျော် မဟာသဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ-အုံကြီး)သည် နိုဝင်ဘာ ၈ရက်မှ ၁၄ရက်အထိ နေ့စဉ်ညနေ ၅နာရီမှ ၆နာရီခွဲအထိ ကိုယ်တိုင်ဉာဏ်မြင် သမထဝိပဿနာ ကျင့်စဉ်တရားများကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားပြသမည်ဖြစ်၍ လက်တွေ့နည်းကျကျ တရားဓမ္မများကို ကိုယ်တိုင်ကြွရောက် ရှုမှတ်ပွားများနိုင်စေရန်နှင့် ဖုန်း-၅၃၇၅၉၇ သို့ ဆက်သွယ်စုံစမ်းရန် နှိုးဆော်ထားသည်။ (က-ပ)

ဇီဝိတဒါန သံဃာ့ဆေးရုံသို့ အလှူငွေများလာရောက်လှူဒါန်း

တောင်ကြီး အောက်တိုဘာ ၁၆

တောင်ကြီးမြို့ ဇီဝိတဒါန သံဃာ့ဆေးရုံ၌ ဆေးပဒေသာပင်များကို လာရောက် လှူဒါန်းလျက်ရှိရာ တောင်ကြီးမြို့ မင်္ဂလာဦးရပ် အင်းယားလမ်းနေ ဦးခင်မောင်-ဒေါ်သင်းကြည် မိသားစုတို့က ကွယ်လွန်သူ မိဘများအား ရည်စူး၍ အလှူငွေကျပ် ၁၀သိန်း **(ယာပုံ)**၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်းနေ ဒေါက်တာဦးဝင်းလွင်-ဒေါ်ခင်ကြည်ကြည် မိသားစုတို့က ရန်ကုန်မြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကို စတင်တည်ထောင် လှူဒါန်းသူ ဦးဘဇေ-ဒေါ်သိန်းတင်တို့အား ရည်စူး၍ အလှူငွေကျပ် တစ်သိန်းကို လာရောက် လှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီးဒေါက်တာ ဦးစိုင်းခမ်းလှိုင် (အငြိမ်းစား ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး) နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ဆေးဝါးနှင့်အလှူငွေများ လှူဒါန်းလိုပါက ဆေးရုံအုပ်ချုပ်ရေးရုံး ဖုန်း-၀၈၁-၂၂၇၀၇ နှင့် ၀၈၁-၂၄၁၆၂တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ပြည်မြို့၊ ဝေပုလ္လာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တဝေပုလ္လ
ရေးသားပြုစုတော်မူသည့်
စကြဝဠာသိင်္ဂြိုဟ်ပေါက်ကျမ်း
● စကြဝဠာတံတိုင်း၏ ဂါထာတော်(၂)ပုဒ်
● ဂါထာတော်(၂)ပုဒ်၏ တန်ခိုးအာဏာတော်များ
● ဂါထာတော်(၂)ပုဒ်၏ သိင်္ဂြိုလ်အကျင့်စခန်း တည်ဆောက်ပုံ
● စကြဝဠာကမ္ဘာပြု ဓာတ်ကြီးလေးပါးအကြောင်း
● ဓာတ်လေးပါးတည်ဆောက်ပုံအကြောင်း
● ဓာတ်တို့၏ အကျိုးအပြစ်များ
● ဓာတ်အိမ်၊ ဓာတ်အရပ်လေးပါး
● စကြဝဠာကမ္ဘာပြု ဓာတ်လေးပါး ဂါထာတော် အကျင့်အားထုတ်မှု ဝိထိလမ်း
● ဝိဇ္ဇာသုတေသနရှင်းတမ်း တို့ဖြင့်
ထွက်ပြီ
ဖြန့်ချိရေး-တော်ဝင်မြို့မစာအုပ်တိုက်၊ အမှတ်(၈၈) ခုတိယထပ်(ယာ) ၃၈-လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၂၄၅၂၈၄၊ ၃၇၉၄၈၇
စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၇၆၀၈၀၇

YUZANA
NGWE SAUNG BEACH
ပျော်ရွှင်ဖွယ်အားလပ်ရက်လေးမှာ ငွေဆောင်ကမ်းခြေ
ယုဇနကို အရောက်လာခဲ့ဖို့ဖိတ်ခေါ်ပါတယ်
(၂)ညအိပ် (၃)ရက် အောက်ဖော်ပြပါ စရိတ်ငြိမ်းခရီးစဉ်အတွက်
ကြိုတင်လက်မှတ်များ ရောင်းချပေးနေပါပြီ။
ခရီးစဉ် - ရန်ကုန်-ငွေဆောင်-ရန်ကုန်
ရက်စွဲ - ၂၆-၁၀-၂၀၀၇ - ၂၈-၁၀-၂၀၀၇
သီးသန့်အခန်းယူလိုသူများအတွက်လည်း အခန်းများ လက်ခံနေပါပြီ။
ဆက်သွယ်ရန်- အမှတ်(၁၃၀)ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၅၄၉၆၀၀၊ ၅၄၃၃၄၆၇၊ ဖက်(စ)- ၅၄၃၈၃၅

မရမ်းကုန်းမြို့နယ် သမိုင်း (၁)ရပ်ကွက် (၂)လမ်း ရတနာမဏ္ဍူ ဓမ္မရိပ်သာ၌ စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန်အတွက် သမိုင်း (၁)ရပ်ကွက် (၂)လမ်းနေ ကွယ်လွန်သူ ဦးကျော်ရင်အား ရည်စူး၍ ဒေါ်အေးမြင့်မိသားစုက ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒာ (ပုဂံ) ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

အင်တာနက်နှင့်အီးမေးလ် သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့နှင့် Information Channel (i-Channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် E-mail သင်တန်းတို့ကို နိုဝင်ဘာ ၅ရက်နေ့မှစ၍ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

သင်တန်းသူ အမျိုးသမီး ၂၀သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်း လျှောက်လွှာများကို အောက်တိုဘာ ၁၈ရက်မှ စတင်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ကွင်း အနောက်ဘက်တန်းတွင် ရယူ၍ နိုဝင်ဘာ ၂ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

စက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၀

စက်မှုလက်မှုသိပ္ပံ အင်းစိန် (လျှပ်စစ်အားပေးရေး၊ အင်ဂျင်နီယာဌာန) အငြိမ်းစားဆရာကြီးများအား ကျောင်းသားဟောင်းများက (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို တက္ကသိုလ်များဓမ္မာရုံ၌ အောက်တိုဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ပါရန်နှင့် အလှူငွေများကို ဦးမောင်မောင်အေး ဖုန်း-၀၉၅၁၂၆၆၆၅၊ ဦးလှသိန်း ဖုန်း-၀၉-၅၁၉၂၉၇၅၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁၃၀၅၁၄၊ ဦးစိုးအောင် ဖုန်း-၀၉-၅၁၉၆၅၃၅ နှင့် ဦးမြင့်မောင် ဖုန်း-၂၁၅၀၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာန၏ အစီအစဉ်ဖြင့် အောက်ပါ မဟာဘွဲ့သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ သင်တန်းအမည် -Online Master of Business Administration (Online MBA)
၂။ ပေးအပ်မည့်ဘွဲ့ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ Master of Business Administration(MBA)
၃။ သင်တန်းဝင်ခွင့်အရည်အချင်း-(က) အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများဖြစ်ရမည်။
(ခ) အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင် အရာရှိလုပ်သက် (၅)နှစ်ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Executive Level လုပ်သက် (၅)နှစ်ရှိရမည်။
(ဃ) ကွန်ပျူတာနှင့် အင်တာနက်ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
(င) လျှောက်လွှာတင်သွင်းချိန်တွင် အသက်(၂၅)နှစ်ပြည့်ပြီးသူများဖြစ်ရမည်။
၄။ သင်တန်းကာလ - (၂)နှစ်
၅။ လျှောက်လွှာစတင်လက်ခံမည့်ရက် - ၂၀၀၇နှစ်၊နိုဝင်ဘာလ(၁)ရက်
၆။ ဆက်သွယ်ရမည့်လိပ်စာ - www.elearning.edu.mm
mba_admin@ifocms.com

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက www.elearning.edu.mm (သို့မဟုတ်) စီမံခန့်ခွဲမှုပညာဌာန၊ (ပတ္တမြားဆောင်) ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)၊ ကျောင်းသားရေးရာ ဖုန်း-၀၁-၆၆၄၆၈၄၊ ၆၆၀၈၂၂နှင့် ဖုန်း-၀၁-၆၆၈၇၇၉၊ ၆၆၈၂၅၉၊ ၆၅၀၁၂၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဌာနမှူး၊ သင်တန်းရေးရာဌာန
ရန်ကုန်စီးပွားရေးတက္ကသိုလ်

သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ်(၁၅)နေ အဘ ဦးမောင်ဆိုင်(ကွယ်လွန်)နှင့် မိခင် ဒေါ်ခင်ညွန့်တို့သည် မြန်မာဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ ကျွန်မ၏မိတ်ဆွေ ဒေါ်ချိုချို[၁၂/လကန(နိုင်) ၀၆၁၁၉၁] အပါအဝင် ဦးတင်အောင်၊ ဒေါ်ခင်ခင်စီနှင့် ဒေါ်အေးအေးသန်းတို့ကို မွေးဖွားခဲ့ပါသည်။

မိခင်ဒေါ်ခင်ညွန့် နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/စခန(နိုင်) ၀၁၄၇၆၈]သည် ယနေ့တိုင် ဖော်ပြပါလိပ်စာတွင် ညီမများဖြစ်သူနှင့်အတူ နေထိုင်လျက်ရှိပြီး ၎င်းအမည်ပေါက်ပိုင်ဆိုင်သည့် အောက်ဖော်ပြထားသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အမွေဆိုင်မိသားစုဝင်များအားလုံး၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်တားမြစ်ပါသည်။ ထို့အတူ အမွေဆိုင်မိသားစုဝင် တစ်ဦးဦးမှလည်း မိသားစုဝင်အားလုံး၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ၎င်းတို့ဆန္ဒအလျောက် ၎င်းတို့၏အမည်သို့ ပြောင်းလဲလုပ်ဆောင်ခြင်းကိုလည်း ကန့်ကွက်တားမြစ်ပါသည်။

အထက်ဖော်ပြပါ မိသားစုဝင်များ၏ခွင့်ပြုချက်မရရှိဘဲ ဖော်ပြပါနည်းလမ်းများအရ လွှဲပြောင်းခြင်းများအပေါ် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ ကန့်ကွက်တားမြစ်ထားလျက် မိမိတို့၏သဘောဆန္ဒအရ လုပ်ဆောင်ထားသည့် ကိစ္စအဝဝသည် လုပ်ဆောင်ထားသူ၏တာဝန်သာ ဖြစ်ပါသည်။

အမှတ်စဉ်(၁) ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၈) လမ်း၊ အမှတ်(၄၅)။
အမှတ်စဉ်(၂) ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း (မြောက်)ရပ်ကွက်၊ အင်္ဂပူလမ်း၊ အမှတ်(၁၅)။
အမှတ်စဉ်(၃) ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော (အလယ်)ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ်(၃၁)။
အမှတ်စဉ်(၄) ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်း ငြိမ်းချမ်းရေး ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၅၃၆)။
အမှတ်စဉ်(၅) ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်း ငြိမ်းချမ်းရေး ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၅၃၄)။
အမှတ်စဉ်(၆) ပါပလစ်ကာကား(အစိမ်းရောင်)ယာဉ်အမှတ် ဒ/၄၈၄၉။
အမှတ်စဉ်(၇) တောင်းအေ့စ်ကား(အဖြူရောင်)ယာဉ်အမှတ် ၈က/၇၃၁၅။

ညွှန်ကြားချက်အရ-
(နနရီ)စဉ်-၅၄၄၅ B.A(Law).,LL.B.,D.B.L., D.A.Psy.,D.M.L.,D.I.L

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ အကြမ်းဖက်ဆူပူမှုကြောင့် –

အေးချမ်းစွာနေလိုသည့် ပြည်သူများ စိုးရိမ်ပူပန်နေရသည်။
ကျောင်းသား ကျောင်းသူများ၏ပညာရေး နှောင့်နှေးကြရသည်။
ကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရသည်။
လမ်းဘေးဈေးသည်များ အရောင်းအဝယ်ပျက်ကြရသည်။
ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာရသည်။

☆ အကြမ်းဖက်ဆူပူမှုကြောင့် –

အမှန်တကယ်အကျိုးရှိသူများမှာ ကိုလိုနီနယ်ချဲ့ ပွဲကြီးများသာ ဖြစ်သည်။
သွေးထိုးလှုံ့ဆော်သူများ တိတ်တိတ်ပုန်း ဒေါ်လာများ ရနေသည်။
ပြည်ပြေးများ၊ ပုဆိန်ရိုးများသာ ကောင်းစားကြသည်။
နယ်ချဲ့အလိုတော်ရိများသာ ဒေါ်လာဆုကြေးများ ရနေကြသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား